ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ တနင်္လာနေ့၊ (23-4-2007) (၅၂၉၆)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ရိပ်သာ၌ မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

☆ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသော ဆေးပညာရပ်များကို အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းပြီး နားလည်သိရှိ လက်တွေ့အသုံးပြုနိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးနေရမှာဖြစ်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဘက်စုံအထူးကုဆေးရုံကြီးများ အလေးထားထူထောင်သွားရန် ရည်မှန်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ဆေးရုံများအပေါ် ပြည်သူများ ယုံကြည်အားကိုးလာအောင် လုပ်ကိုင် ဆေးရုံများ၌ အခမဲ့ကုသသည့်အပိုင်းနှင့် ထိုက်တန်သည့်ငွေကြေး ပေးရသည့်အပိုင်းဟူ၍ ပြောင်းလဲဖြစ်ပေါ်လာမည်

ပြည်သူများ ယုံကြည်စိတ်ချစွာ အဆင့်အတန်းရှိရှိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ဝိုင်းဝန်းအားထုတ်ကြိုးပမ်း

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ရိပ်သာ၌ မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများအား တွေ့ဆုံ၍ မှာကြားသည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ – အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မှာကြား

တွေ့ဆုံပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၃-၄-၂၀၀၇
(တနင်္လာနေ့)

အမျိုးသားကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး ဓာတုမီဆေးဝါးများ သုတေသနပြုထုတ်လုပ်

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၁၉ ရက်နေ့က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိ သူများအား လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားရာတွင်–

"ဆေးသုတေသနလုပ်ငန်း၌ တာဝန်ပိုင်းနှစ်ပိုင်းရှိကြောင်း၊ အနောက်တိုင်း၏ ဓာတုမီဆေးသိပ္ပံပညာများနှင့် ဆေးဝါးများကို ဆန်းစစ်လေ့လာနားလည်သိရှိပြီး မိမိတို့နိုင်ငံ၌ လိုက်လျောညီထွေစွာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း၍ အဆင့်မီဆေးပညာရပ်များကို လက်တွေ့အသုံးချသွားနိုင်ရန်၊ ဓာတုမီဆေးဝါးထုတ်လုပ်မှုနည်းစဉ်များကို လေ့လာသိရှိပြီးနောက် ယင်းဆေးဝါးများကို မိမိတို့ကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ထုတ်လုပ်သွားနိုင်သည့် အဆင့်အထိ တက်လှမ်းသွားရန်မှာ ပထမလုပ်ငန်းတာဝန်ပိုင်းဖြစ်ကြောင်း၊ ဒုတိယလုပ်ငန်းတာဝန်ပိုင်းမှာ မိမိတို့နိုင်ငံ၏ ရေမြေ၊ ရာသီဥတုအခြေအနေအရ ဒေသအလိုက် ဖြစ်ထွန်းလျက်ရှိသော သဘာဝဆေးဝါးပင်များ၊ ဆေးရွက်များ၊ ဆေးမြစ်များကို အသုံးချ၍ ဆေးစွမ်းကောင်းများ ပေါ်ထွက်လာအောင် သုတေသနပြုရန် ဖြစ်ကြောင်း" ပြောကြားသည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ပညာပေးမှု၊ ရောဂါကာကွယ်မှု၊ ရောဂါကုသမှု ဟူသည့် အပိုင်းသုံးပိုင်းကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိသည်။ ဆေးသုတေသနလုပ်ငန်းသည် အဆိုပါ ကျန်းမာရေးလုပ်ငန်းများ ဖော်ဆောင်ရာ၌ အရေးကြီးသော အခန်းကဏ္ဍမှ အထောက်အကူပြုလျက်ရှိသည်။ ယခုအခါ ဆေးသုတေသနလုပ်ငန်းများကို ရန်ကုန်မြို့၌သာမက မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အထက်ပိုင်းတို့၌ပါ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဖွဲ့စည်းလုပ်ကိုင်လျက်ရှိသည်။

ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)တွင် ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောဝမ်းပျက်နှင့် ဝမ်းကိုက်ဟူသည့် ရောဂါကြီးခြောက်မျိုးအတွက် အစွမ်းထက်မြက်သော ဆေးဝါးများ ထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ သုတေသနလုပ်ငန်းအတွက် သုတေသနပစ္စည်းများ ဖြည့်တင်းပေးခြင်း၊ ဝန်ထမ်းများအား ပြည်တွင်း၊ ပြည်ပ သင်တန်းများသို့ စေလွှတ်ခြင်း၊ ပြည်ပမှ ပညာရှင်များခေါ်ယူ၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဆေးဝါးများ၏အာနိသင်များ စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်က ဆေးသုတေသန လုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ဆေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များအနေဖြင့် ဓာတုမီဆေးဝါးများ ပိုမိုထုတ်လုပ်နိုင်ရေး သုတေသနပြုကြိုးပမ်းကြခြင်းဖြင့် အမျိုးသားကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့ မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ကွယ်လွန်သူဖခင်ကြီး ဦးဘသောင်း (အငြိမ်းစား–လေယာဉ်မောင်း)၊ သား ဦးဇော်မင်း (ခ)သျှားသျှား၊ သား ဦးမောင်မောင်ဇော်တို့အား ရည်စူး၍ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းရပ်ကွက်စီးပွား/ကူးသန်းဘောလုံးကွင်း(ဝင်း)လိုင်းခန်းနေ ဒေါ်သန်းကြည်မိသားစုက ငွေကျပ် ၃၀၀၀၀၀ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်သစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၂၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၂၂)ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ဆိုင်ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးသိန်းဌေးက လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် မော်တော်ယာဉ်အား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ရန်ကုန်မြို့နယ် နယ်နိမိတ်အတွင်း သဘာဝဓာတ်ငွေ့အရောင်းဆိုင်သစ်များ ဖွင့်လှစ်ခဲ့ရာ ဆိုင်အဟောင်းနှစ်ဆိုင် အပါအဝင် စုစုပေါင်း ၂၂ဆိုင် ရှိသွားပြီဖြစ်သည်။ ယခုအခါ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် CNG အရောင်းဆိုင်အသစ်များ အမြန်ဆုံး တိုးချဲ့ ဖွင့်လှစ်သွားနိုင်ရေးအတွက် စက်ပစ္စည်းများ မှာယူထားရှိပြီး ဖြစ်သည်။ ပစ္စည်းများရောက်ရှိလာပါက CNG ဆိုင်အသစ်များ ဆက်တိုက်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ အဆိုပါဆိုင်များမှ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များကို ၂၄ နာရီပတ်လုံး၊ အကန့်အသတ်မရှိ လိုသလောက် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝဓာတ်ငွေ့ဖြည့်တင်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတို့ သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လက်ခံ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရန်ကုန်–အင်းစိန်လမ်းနေ ဗိုလ်ကြီး လှဝင်း(ငြိမ်း)–ဒေါ်တင်တင်ခိုင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂)ဒုတိယဗိုလ်မှူးကြီးဘညာဏ်(ငြိမ်း)လက်ခံစဉ်။ (သတင်းစဉ်)

ဧပြီ ၁၈ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက်ထုတ်ပေးစဉ်။ (သတင်းစဉ်)

အရှင်စန္ဒသာရ(ကျောင်းကုန်း)ဓမ္မသဘင်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်သာသနာပြုဓမ္မကထိက၊ ဓမ္မာစရိယ အရှင်စန္ဒသာရ (ကျောင်းကုန်း) အရှင်မြတ်သည် ဧပြီ ၂၁ရက်မှ ၂၈ရက်အထိ ဘိုကလေးမြို့နယ် မြင်းကကုန်းမြို့ ရွှေကျောင်းမိုးကုတ် ဝိပဿနာခုနစ်ရက် အထူးတရားစခန်းပွဲ၊ ဧပြီ ၂၉ရက်မှ မေ ၄ ရက်အထိ ဘိုကလေးမြို့နယ် ရပ်ဆိုင်ရတနာမဥ္ဇူမိုးကုတ်ဝိပဿနာ ငါးရက်အထူးတရားစခန်းပွဲ၊ ၅ရက်တွင် ကျောင်းကုန်းမြို့ စစ်ကိုင်းဒေါင့် ဦးသန်းထွဋ်–ဒေါ်ဥမ္မာတို့၏ အထူးဓမ္မသဘင်၊ ၆ရက်နှင့်၇ရက်တွင် ကျောင်းကုန်းမြို့ ချောင်းဝဦးလှတင်–ဒေါ်ကြည်မြင့်တို့၏ အထူးဓမ္မသဘင်၊ ၈ရက်တွင် ကျောင်းကုန်းမြို့လမ်းဝင်စု ဓမ္မပါရဂူကျောင်း အထူး ဓမ္မသဘင်၊ ၁၀ရက်နှင့် ၁၁ရက်တွင် ကျောင်းကုန်းမြို့ မိုးကြိုးပစ်အထူး ဓမ္မသဘင်တို့၌ ညစဉ်၇နာရီမှစ၍ တရားတော်များဟောကြားမည်ဖြစ်သည်။

ဆက်သွယ်လိုပါက ဖုန်း–၀၉၅၁ ၄၇၄၄၈နှင့် ၀၄၆–၄၀၄၉၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(က–ပ)

လားရှိုးမြို့ မဟာမြတ်မုနိပုံတော်(နီးဘုရား)ဌာပနာတော်သွင်း အလှူတော်မင်္ဂလာကျင်းပ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို

နေပြည်တော် ဇွန် ၂၂

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁၈ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့သို့ လေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီတွင် လားရှိုးလေဆိပ်သို့ ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား လားရှိုးလေဆိပ်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ သိန္နီတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဌာပနာတော်ပစ္စည်းများကို မဟာမြတ်မုနိပုံတော်(နီးဘုရား)အား ရည်စူး၍ နိုင်ငံတော်သြဝါဒါစရိယ ကန်မိန်းကျောင်း ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းသို့ သွားရောက်ကြပြီး မဟာမြတ်မုနိပုံတော်(နီးဘုရား)ဌာပနာတော်သွင်း အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများလည်း တက်ရောက်ကြည်ညိုကြသည်။

မဟာမြတ်မုနိပုံတော်(နီးဘုရား) ဌာပနာတော်သွင်း အလှူတော်မင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ကိုးပါးသီလ ခံယူ

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ကန်မိန်းကျောင်း ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ဖွား သရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဌာပနာတော်ပစ္စည်းများကို မဟာမြတ်မုနိပုံတော်(နီးဘုရား)အားရည်စူး၍ နိုင်ငံတော် သြဝါဒါစရိယ ကန်မိန်းကျောင်း ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကန်မိန်းကျောင်း ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ လားရှိုးမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားတို့ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များအတွက် ဆန်၊ ဆီ၊ ဆားနှင့် သီလရှင်ဝတ်စုံများကို သီလရှင်ဆရာကြီးများအား လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်တို့က မဟာမြတ်မုနိပုံတော် (နီးဘုရား) ဦးခေါင်းမဏိတော်အတွင်းသို့ ဌာပနာတော် ပစ္စည်းများကို သွင်းလှူပူဇော်ပေးကြသည်။

ရေစက်သွန်းချ

ယင်းနောက် ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန်ဆူဘုရားကြီးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညထံမှ အနုမောဒနာတရားတော်နာယူကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယနေ့ ဌာပနာတော်သွင်းလှူပူဇော်သည့် မဟာမြတ်မုနိပုံတော်(နီးဘုရား)မှာ မကိုဋ်တော်အပါအဝင် ဉာဏ်တော်အမြင့် ၁၁ ပေ၊ ၆ လက်မရှိပြီး ဒူးတော်အကျယ်မှာ ၈ ပေ ၄ လက်မခွဲ ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များအတွက် ဆန်၊ ဆီ၊ ဆားနှင့် သီလရှင်ဝတ်စုံများကို သီလရှင်ဆရာကြီးများထံ လှူဒါန်းစဉ်။ (သတင်းစဉ်)

သမိုင်းသီတဂူစမ္မသဘင် ဒုတိယအကြိမ် သီတဂူ ရေအလှူတော် အထူးတရားပွဲ

ရန်ကုန် ဇွန် ၂၂

အရှင်ပညာသာရနှင့် ဘိုးဘွားမိဘတို့အားအမှူးထား၍ ဦးမြင့်ဆွေဦး-ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦးမိသားစုတို့၏သီတဂူ ရေအလှူတော်ပွဲကြီးကို မေ ၃ရက်တွင် သစ္စာအောင်မြေဆရာတော် အရှင်ဝိမလ(ကမ္မဋ္ဌာနာစရိယ) မိုးကုတ်ဝိပဿနာမင်္ဂလာတိုက်အောင်မြေ၊ မိုးကုတ်မြို့၊ မေ ၄ရက်တွင် သီတဂူဒေါက်တာ အရှင် ဣန္ဒက M.A, Ph.D (B.H.U) သာသနဓဇဓမ္မာစရိယ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ မေ ၅ရက်တွင် သီတဂူအရှင်ဒေဝိန္ဒာဘိဝံသ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ မေ ၆ရက်တွင် သဲကုန်း၊ သပိတ်အိုင်သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt.), Ph.D သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိတို့က ညစဉ် ၇နာရီတွင် ပေါ်တော်မူဘုရားဝင်း၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ သမိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၌ လေးရက်တိုင် တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ ဆက်သွယ်လှူဒါန်းလိုပါက ဦးမြင့်ဆွေဦး-ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦး အမှတ်(၁၀)၊ ဦးအောင်ဘွင့်လမ်း၊ (၂)ရပ်ကွက်(သမိုင်း)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၆၆၃၀၄၂၊ ၀၉-၉၀၁၁၆၈၄နှင့် ၀၉-၈၀၃၃၃၇၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

စင်ကာပူနိုင်ငံ၌ နောက်ဆုံးပေါ် ကွန်ပျူတာများ ပြသထားသည်ကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပင်လယ်ဖျံ ဖမ်းဆီးသော သင်္ဘောငယ် ၁၀၀ ခန့် အာတိတ်ဒေသ ရေခဲပြင်အကြား၌ ပိတ်မိနေ

အော့တဝါ ဧပြီ ၂၁

ကနေဒါနိုင်ငံ၏ အာတိတ်ကမ်းခြေဒေသတွင် ဧပြီ ၁၈ ရက်အထိ ထူထဲသော ရေခဲပြင် များအကြား၌ ပင်လယ်ဖျံ လိုက်လံ ဖမ်းဆီးသော သင်္ဘောငယ်ပေါင်း ၁၀၀ တို့ ပိတ်မိနေသည်ဟု ကနေဒါကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ရင်ဆိုင်

ယင်းသို့ ပိတ်မိနေသော သင်္ဘောငယ်များအနက် အနည်းဆုံးသင်္ဘောတစ်စင်းမှာ သွားလာ၍မရတော့ သဖြင့် ထိုသင်္ဘောပေါ်ရှိ လူအများ မှာ သင်္ဘောကို စွန့်ခွာခဲ့ကြသည်။

နယူးဖောင်လန်ဒေသတွင်ပင်လယ်ဖျံ လိုက်လံဖမ်းဆီးနေကြစဉ် ထူထဲသော ရေခဲထုများအတွင်း သင်္ဘောများ ပိတ်မိသွားသဖြင့် အချို့မှာ ပျက်စီးခြင်း၊ အချို့မှာနစ်မြုပ်သွားခြင်း စသည့် အန္တရာယ်များနှင့် ရင်ဆိုင်ကြရသည်ဟုဆိုသည်။

ရာသီဥတု အခြေအနေကြောင့် ပင်လယ်ဖျံဖမ်းမိမှုသည် ယခုနှစ် တွင် ယခင်နှစ်ကထက် နည်းပါး ကြောင်း သိရသည်။ ၂၀၀၆ ခုနှစ်က ပင်လယ်ဖျံ ၃၃၅၀၀၀ ရမိခဲ့သော်လည်း ယခုနှစ်တွင် ပင်လယ်ဖျံကောင်ရေ ၂၇၀၀၀၀ သာ ရမိသော အခြေအနေရှိသည်။ ပင်လယ်ဖျံများသည် စိန့်လောရင့် ပင်လယ်အော်ဒေသနှင့် အတ္တလန္တိတ်ဒေသအတွင်း နှစ်စဉ်သားပေါက်ရန် လာ ရောက်လေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

မလေးရှားဝန်ကြီးချုပ်နှင့် ကင်ညာသမ္မတ တွေ့ဆုံ ဆွေးနွေး

နိုင်ရိုဘီ ဧပြီ ၂၁

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဆရီအဗ္ဗဒူလာအာမက်ဘာဒါဝီသည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့ သွားရောက်ခဲ့ပြီး သမ္မတ အမ်ဝါကီဘာကီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ ခေါင်းဆောင်များသည် နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သောကြာနေ့ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ထိုသဘောတူညီမှုအရ လမ်းဖောက်လုပ်ရေးလုပ်ငန်းများအကောင်အထည်ဖော်ခြင်း၊ သိပ္ပံနှင့် နည်းပညာစီမံကိန်းများ ဆောင်ရွက်ခြင်း၊ စီးပွားရေးမြှင့်တင်ရန် ပူးပေါင်းကုန်သွယ်ရေးကော်မတီဖွဲ့စည်းခြင်း၊အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ အီး-ဂါဗားမင့်နှင့် သတင်းအချက်အလက်နည်းပညာလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒဗလျူတီအို စည်းမျဉ်းများကို အမေရိကန်ချိုးဖောက် ဗီယက်နမ် အထည်အလိပ်ထုတ်လုပ်ရေးအသင်း ဝေဖန်

ဟနွိုင်း ဧပြီ ၂၁

ဗီယက်နမ်အထည်အလိပ်နှင့် အဝတ်အထည်ပို့ကုန်များ ဝင်ရောက်မှုကို အမေရိကန်အစိုးရက စောင့်ကြည့်လေ့လာခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးကထုတ်ဖော်ပြောကြားကြောင်း ဗီယက်နမ်သတင်း အမည်ရှိ သတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။ ဗီယက်နမ်မှ အထည်အလိပ်နှင့် အဝတ်အထည် ပစ္စည်းများသည် အမေရိကန်ပြည်ထောင်စုအတွင်း စုပြုံရောက်ရှိနေသည့် အထောက်အထားများ မတွေ့ရှိရဟုဖော်ပြပါ သတင်းစာကဗီယက်နမ်အထည်အလိပ်နှင့် အဝတ်အထည်ထုတ်လုပ်ရေးအသင်းဥက္ကဋ္ဌ လီကော့အန်းကို ကိုးကား၍ ဖော်ပြသည်။

ဗီယက်နမ်မှ အဝတ်အထည်တင်ပို့မှု မြင့်မားတိုးတက်လာခဲ့လင့်ကစား အမေရိကန် ဈေးကွက်ဝေစုအရ ၃ ဒသမ ၆ ရာခိုင်နှုန်းသာရှိသည်ဟု ဆိုသည်။

ဗီယက်နမ်က အထည်အလိပ်နှင့် အဝတ်အထည်ပစ္စည်းများ ပြည်ပသို့ အထူးသဖြင့် အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ဂျပန်သို့ ၂၀၀၆ ခုနှစ်အတွင်း တင်ပို့ရောင်းချရာမှ ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ ရရှိခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ဒေါ်လာ ခုနစ်ဘီလီယံအထိ ရရှိရန် မျှော်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သြစတြေးလျတွင် မိုးခေါင်၊ ကုန်ဈေးနှုန်း မြင့်တက်နိုင်

ကင်ဘာရာ ဧပြီ ၂၁

သြစတြေးလျနိုင်ငံတွင် မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာကုန်ဈေးနှုန်း သိသိသာသာ မြင့်တက်လာနိုင်ပြီး နိုင်ငံအတွက် ရိက္ခာဖြည်းဆည်းပေးနေသည့် နေရာအချို့တွင် ဆည်မြောင်းစနစ်ဖြင့် စိုက်ပျိုးမှုရပ်ဆိုင်းသွားနိုင်ဖွယ် ရှိမည်ဟု သြစတြေးလျ အစိုးရက သောကြာနေ့တွင် သတိပေးလိုက်သည်။

ရှောက်ချိုသီး၊ စပျစ်သီးနှင့် ပန်းသီးအပါအဝင် စားနပ်ရိက္ခာဈေးနှုန်းသည် သုံးဆတက်သွားနိုင်သည်ဟု လယ်သမားများက ပြောကြားသည်။

သြစတြေးလျတိုက်တစ်ဝန်းတွင် ရက်သတ္တခြောက်ပတ်မှ ရှစ်ပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းမရှိပါက ဆည်မြောင်းစနစ်ဖြင့် ရေပေးစိုက်ပျိုးမှုကို ရပ်ဆိုင်းရမည်ဟု ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က ပြောကြားသည်။

သြစတြေးလျနိုင်ငံ၏ မာရေးဒါလင်မြစ်ဝှမ်းတွင် မိုးရွာရန်အတွက် ပြည်သူလူထုအနေဖြင့် ဆုတောင်းကြရန် ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က တိုက်တွန်းနှိုးဆော်ထားသည်။ အဆိုပါ မြစ်ဝှမ်းသည် ပြင်သစ်နှင့် စပိန်နိုင်ငံတို့ အရွယ်အစားခန့်ရှိပြီး တစ်နိုင်ငံလုံးစိုက်ပျိုးမှု၏ ၄၁ ရာခိုင်နှုန်းရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ဂါရတ်အရပ်၌ လမ်းချော်တိမ်းမှောက်သွားသည့် ရထားတွဲများကို ဧပြီ ၂၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူရကီအလယ်ပိုင်းတွင် ကားတိုက်မှုဖြစ်ပွား ၂၀ ကျော်သေဆုံး

အန်ကာရာ ဧပြီ ၂၁

တူရကီနိုင်ငံအလယ်ပိုင်းတွင်စနေနေ့က ကားတိုက်မှုဖြစ်ပွားရာ လူ ၂၀ ကျော် သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

တူရကီနိုင်ငံ နီဗဆီးဟာပြည်နယ် ကာပါဒိုးဆီးယားမြို့သို့ မောင်းနှင်သည့် ဘတ်စ်ကားတစ်စီးသည် အက်ဆာရေးပြည်နယ် အက်စ်ကေးလ်မြို့နယ် ဘော့ဇ်ကာမာမွတ် ကျေးရွာအနီးတွင် စနေနေ့နံနက်ပိုင်းက ကုန်တင်ကားတစ်စီးနှင့်တိုက်မိကြောင်း သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အယ်လ်ဂျီးရီးယား အမျိုးသမီး ခုနစ်မြွာပူး မွေးဖွား

အယ်လ်ဂျီးယားစ် ဧပြီ ၂၁

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယားစ်မြို့ရှိ ပြည်သူ့ဆေးရုံတစ်ရုံ၌ အမျိုးသမီးတစ်ဦး ကလေးခုနစ်မြွာပူး မွေးဖွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ကြာသပတေးနေ့တွင် ပြောကြားသည်။

ယင်းအမျိုးသမီးသည် ယောကျာ်းကလေးတစ်ယောက်နှင့် မိန်းကလေးခြောက်ယောက်ကို ကူးဘားပြည်သူ့ဆေးရုံ၌ ဗုဒ္ဓဟူးနေ့က မွေးဖွားခဲ့ကြောင်း ဆလင်းဘယ်လ်ကာဆင်းက ရိုက်တာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

ပြောကြား

ကလေးခုနစ်ယောက်ကို အမြွာပူးမွေးဖွားပေးနိုင်ခဲ့ခြင်းမှာ အယ်လ်ဂျီးရီးယားနိုင်ငံမှ ဆရာဝန်များ၏ အရည်အချင်းကို ပြသလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နောက်ဆုံးထုတ်ပြန်ထားသည့် ဂင်းနစ်ကမ္ဘာ့မှတ်တမ်းများအရ ကလေးခုနစ်မြွာပူး အသက်ရှင်မွေးဖွားခဲ့သည့် ဖြစ်စဉ်သုံးခုရှိခဲ့ကြောင်း၊ နှစ်ခုမှာ အမေရိကန်နိုင်ငံမှဖြစ်ပြီး တစ်ခုမှာ ဆော်ဒီအာရေဗျနိုင်ငံမှ ဖြစ်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ ရိုက်တာ။

အာဆီယံနိုင်ငံများမှ ဆက်သွယ်ရေးရုံးများ နန်နင်းတွင် ဖွင့်လှစ်မည်

နန်နင်း ဧပြီ ၂၁

တရုတ်နိုင်ငံ နန်နင်းမြို့တွင် အောက်တိုဘာလ၌ ကျင်းပမည့် တရုတ်-အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ကုန်စည်ပြပွဲအမီ အာဆီယံနိုင်ငံများမှ ဆက်သွယ်ရေးရုံးများကို ဖွင့်လှစ်မည်ဖြစ်ကြောင်း စနေနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ နန်နင်းမြို့တွင် အာဆီယံနိုင်ငံများမှ ဆက်သွယ်ရေးရုံးများ ဖွင့်လှစ်နိုင်ရန် သုံးစတုရန်းကီလိုမီတာ အကျယ်အဝန်းရှိ မြေနေရာကို သတ်မှတ်ထားသည်။ အာဆီယံနိုင်ငံများမှ ဆက်သွယ်ရေးရုံးများကိုသာမက စီးပွားရေးလုပ်ငန်းဇုန်နယ်မြေတစ်ရပ်ကို တည်ဆောက်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ ကားအရောင်းပြခန်း၌ ပြသထားသည့် အော်ဒီအမျိုးအစား ကားတစ်စီးကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပန်းထောင်ပွင့်ဝေ ရှမ်း(တောင်) မြင့်မြေ (၁)

ရတနာစည်ဆရာတော်
(လွိုင်လင်)

ပန်းထောင်ပွင့်ဝေ ရှမ်း(တောင်)မြင့်မြေ၏ ယနေ့ အနေအထား မြင့်မားနှုန်း နှိုင်းဆနိုင်ရန် ယခင်အနေအထားတွေကို ခပ်ပါးပါးမျှ ကိုယ်တွေ့ ပြောပြပါဦးမည်။

ပန်းမဝေသည့် ရှေးအခြေအနေ

ဤအရှင်တို့ တောင်ကြီးမြို့သို့ စတင်ရောက်ရှိချိန်သည် ၁၉၈၀ အကြိုကာလများဖြစ်၍ ထိုစဉ်က တောင်ကြီးမြို့မှာ လမ်းမတော် ဝဲ-ယာ၌သာ တိုက်တာ အိမ်ခြေကောင်းများတည်ရှိပြီး မြို့မဈေးတစ်ဝိုက်သာ လူစည်ကားရာနေရာဖြစ်၏။ ယခုစဝ်စံထွန်းဆေးရုံကြီးသည်ပင် မြို့၏ ဆင်ခြေဖုံးသဖွယ် ဖြစ်ခဲ့၏။ ယခု 'မြောက်ဈေး'ဟု ခေါ်ဝေါ်နေသော အရောင်းအဝယ်စည်ကားရာ စဝ်စံထွန်းဈေးသည် ထိုစဉ်က တစပြင် ဖြစ်ခဲ့သည်။

ယခု စူဠာမုနိလောကချမ်းသာ စေတီတော် စံပျော်ရာကုန်းမြင့်သည် ရှေးယခင်က မြို့စောင့်ကင်းတဲကုန်း ဖြစ်ခဲ့၏။ ယခု 'ကားကြီးကွင်း'ခေါ် အဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ရှမ်း(အရှေ့)ယာဉ်စခန်းများ အဖြစ် စည်ကားနေသော နေရာများကား ဟိုစဉ်က ချုံနွယ်ပိတ်ပေါင်းတော ဖြစ်ခဲ့သည်။

ယင်းတို့ကိုထားဘိဦး၊ 'အင်းလေးကန်သာ'ဟု နာမည်ကြီးသော အင်းလေးကန်သည်ပင် တကယ့်လက်တွေ့မှာတော့ 'မသာခဲ့'ပါချေ။ ညောင်ရွှေမြို့ ဖောင်တော်ဆိပ်မှ အင်းလေးရေပြင်ကျယ်သို့ သွားရာ ရေလမ်းတစ်လျှောက် ဗေဒါပင်တွေ အထွေးလိုက်၊ အထပ်လိုက်၊ အအုံလိုက်၊ အပြုံလိုက် တည်ရှိနေခြင်း၊ ထိုစဉ် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများက ဖောင်တော်ဦးဘုရားပွဲတော် နီးလာသောအခါ လူထုအင်အားဖြင့် ရေလမ်းရှင်းပေးခဲ့ကြသော်လည်း ဘုရားပွဲပြီးသွားလျှင် မကြာမတင် ဗေဒါပင်တွေက အင်းတစ်ပြင်လုံး လွှမ်းမိုးလာခြင်းတို့ကြောင့် ဗုံလုံတစ်လှည့် ငါးဖျံတစ်လှည့်ဖြင့်သာ ကာလစားခဲ့ရပါသည်။

ယင်းသို့သော အကျိုးရလဒ်တို့၏ အကြောင်းရင်းမှန်တို့ကို ဓမ္မဓိဋ္ဌာန် ကျကျသုံးသပ်ကာ အနာဂတ်ကိုမြော်မြင်ရင်း ပန်းနိုင်ငံအဖြစ် တည်ဆောက်နိုင်စွမ်းရှိသည့် ယနေ့တပ်မတော်အစိုးရ တက်ရောက်လာသည့် ဤမှာဘက်ကာလများဝယ် ပန်းသခင် ဥယျာဉ်မှူးသစ်အဖြစ် ...။

ပန်းသခင် ဥယျာဉ်မှူးသစ်

"ပထမအချက်အနေဖြင့် နိုင်ငံတော်အတွင်း၌ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်ဖြစ်ထွန်းနေပါမှ နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းသာယာနေမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်သည့်အတွက် နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ ယနေ့ ရရှိထားပြီး ဖြစ်ကြောင်း။

"ဒုတိယအချက်အနေဖြင့် နိုင်ငံတော်အတွင်း တောင့်တင်းခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းနေစေရန် လိုကြောင်း၊ အမျိုးသား စီးပွားရေးခနအင်အား ခိုင်မာတောင့်တင်းမှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်မှာ ဖြစ်ကြောင်း။

"နိုင်ငံတော်၏ စီးပွားရေးအင်အားကောင်းရန် ဆိုရာတွင် နိုင်ငံတော်အတွင်း နယ်စပ်ဒေသများပါမကျန် နယ်မြေဒေသအားလုံး၌ စီးပွားရေး အခြေခံကောင်းများ ဖြစ်ထွန်းစေရန်အတွက် လမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ လျှပ်စစ်ဓာတ်အား စီမံကိန်းများ စသည့်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတော်က လုံလုံလောက်လောက် တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် နယ်စပ်ဒေသများ၌ လမ်းများ၊တံတားများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစခန်းများ၊ အသေးစား လျှပ်စစ်ဓာတ်အား စီမံကိန်းများစသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသလိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

"တတိယအချက်အနေဖြင့် ခိုင်မြဲသည့် ပြည်ထောင်စုကြီးဖြစ်စေရေးအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို မှန်ကန်စွာ အသုံးပြုနိုင်စေရအောင် တိုင်းရင်းသား ပြည်သူများ၏ ပညာရေးအခြေခံများ မြင့်မားရန်လိုကြောင်း၊ ပညာတတ်မှသာ နိုင်ငံအတွက် မှန်မှား ကောင်းဆိုး အကျိုးအပြစ်ကို မှန်ကန်စွာ ရွေးချယ်နိုင်မည် ဖြစ်ကြောင်း။

"ယနေ့ အချိန်အခါ ကာလသည် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအား အပြည့်အဝဖြင့် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရအောင်နှင့် ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီး အစွန်နှံရှည် တည်တံ့ခိုင်မြဲစေရအောင် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရမည့် အချိန်အခါကောင်း ဖြစ်ကြောင်း"

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၂၅-၁-၂၀၀၇ ကာကွယ်ရေးဝန်ကြီးဌာန
အနော်ရထာခန်းမ၊ နေပြည်တော်။

ပန်းထောင်ပွင့်ဝေ ယနေ့အခြေ

တပ်မတော်အစိုးရ တက်ရောက်လာပြီးနောက် မြန်မာ့ဥယျာဉ်ကြီးကို လိုအပ်သလို ပြုပြင်ဆင်သလျက် သာယာလှပသော ဥယျာဉ်ကြီးဖြစ်လာအောင် နေ့မအား ညမနား စနစ်တကျ ကြိုးပမ်းခဲ့သည့်အတိုင်း ယနေ့ မြန်မာသည် ပန်းမြန်မာအဖြစ် ထွန်းသစ်လာလျက်ရှိသည်တွင် ဤအရှင်တို့ သီတင်းသုံးရာ ရှမ်း(တောင်)မြင့်မြေ၌ ပန်းထောင်ပွင့်ဝေနေပုံ ကိုယ်တွေ့ မျက်မြင် မှတ်တမ်းတင်ရလျှင် သာသနာရေးရာပန်းခင်းနှင့် လောကရေးရာ ပန်းခင်းဟု နှစ်ခင်း၊ နှစ်ကွက်ထဲမှ ...

၁။ စူဠာမုနိလောကချမ်းသာစေတီတော်

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ တပ်မတော်အစိုးရလက်ထက် ရှေးဦးစွာ ပွင့်ထွန်းတော်မူသော စေတီတော်ဖြစ်၏။ တောင်ကြီးမြို့အထွက် ပြည်ထောင်စုလမ်းမကြီး အရှေ့ဘက် သီရိဝဓုနကုန်းမြင့်ပေါ်ဝယ် တပ်မတော်အစိုးရ၏ ဦးဆောင်မှု၊ မြန်မာအင်ဂျင်နီယာများနှင့် ဗိသုကာ ပညာရှင်များ၏ ဆန်းသစ်သော တည်ထားမှု၊ အများပြည်သူတို့ သဒ္ဓါတက်ကြွစွာ ပါဝင်လှူဒါန်းမှုတို့ဖြင့် တင့်တယ်သပ္ပာယ်စွာ ပွင့်ထွန်းတော်မူလာသည့် ပုဂံအာနန္ဒာပုံတူ စေတီတော် ဖြစ်ပါသည်။

၂၅-၁၁-၁၉၉၆ ရက်နေ့တွင် ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကိုယ်တိုင် တက်ရောက်၍ စိန်ဖူးတော် တင်လှူပူဇော်ခဲ့လေ၏။

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး-လွိုင်လင်လမ်းမှဖြစ်စေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်-ကျိုင်းတုံ-လွိုင်လင်လမ်းမှဖြစ်စေ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါ-ပန်ကေတု-လွိုင်လင်လမ်းမှဖြစ်စေ၊ ရှမ်းပြည်နယ် မြို့တော် တောင်ကြီးမြို့သို့ လာလာသမျှ ဗုဒ္ဓဘာသာဝင်တို့အား တောင်ကြီးမြို့ ဝင်ဝင်ချင်း ထင်းထင်းထင်ထင် ဖူးမြင်ခွင့်ရစေကာ ဗုဒ္ဓဂုဏ်ရန့်ကို သင်းပျံ့ပျံ့ရှုရှိုက်စေနိုင်သော ကုသိုလ်ပန်းခင်းဖြစ်လျက် ရှိပါသည်။

၂။ မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီတော်

ရှမ်းပြည်နယ်၏ အလယ်ဗဟိုချက်မ၌ တည်ရှိသော ကွန်ဟိန်းမြို့၊ ထိုမြို့၏အလယ်ဗဟိုချက်မ၌ တည်ရှိသော ဓမ္မောဒယကုန်းမြင့်၊ ထိုကုန်းမြင့်၏အလယ်ဗဟို၌ တင့်တယ်သပ္ပာယ်စွာ ပွင့်ထွန်းတော်မူလာသည့် ဥဏ္ဏတော် ၁၀၈ပေရှိ ရွှေတိဂုံပုံတူ စေတီတော်ဖြစ်ပါသည်။ ၁၇-၈-၁၉၉၇ ရက်နေ့၌ ရတနာပန္နက်တော်တင်မင်္ဂလာ၊ ၂၆-၁၂-၁၉၉၇ ရက်နေ့ ရတနာအုတ်မြစ်တော်စီမင်္ဂလာ၊ ၂၂-၁၂-၁၉၉၉ ရက်နေ့၌ ရွှေထီးတော်တင် မဟာမင်္ဂလာတို့ကို ကျင်းပခဲ့ရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက် ပူဇော်ခဲ့ပါသည်။

၃။ ဟိုမိန်း ပြည်ငြိမ်းအေးစေတီတော်

သံလွင်မြစ် အရှေ့ဘက် ထိုင်းနိုင်ငံနှင့် နယ်စပ်ချင်းကပ်လျက်တည်ရှိသော ဟိုမိန်းဒေသ၊ ဦးခွန်ဆာအမှူးပြုသည့် MTA တပ်ဖွဲ့ဝင်များအားလုံး တပ်မတော်အစိုးရထံ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့သည့်နောက်ပိုင်းဝယ် ယခင်က လားမောင်းလမ်းကို ကားမောင်းလမ်းဖြစ်လာအောင် တပ်မတော်အစိုးရက ကျားကုပ်ကျားခဲ ဖောက်လုပ်ပေးပြီးသည့် ဤမှာဘက် လမ်းပန်းဆက်သွယ်ရေး ချောမွေ့လွယ်ကူလာခြင်းနှင့်အတူ ပွင့်ထွန်းတော်မူလာသော စေတီတော်ဖြစ်ပါသည်။ ၂၉-၄-၂၀၀၁ ရက်နေ့၌ ရွှေထီးတော်တင် မဟာမင်္ဂလာအောင်ပွဲ ဖြစ်ပါသည်။

၄။ မဟာတေဇာဓိပတိစေတီတော်

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ဆက်စပ်ရာ သံလွင်မြစ်၏ သည်ဘက်မှာ မိုင်းပန်မြို့ရှိ၏။ ဟိုဘက်မှာ မိုင်းတုံမြို့နှင့်မိုင်းဆတ်မြို့များ တည်ရှိကာ မြန်မာ၊ ထိုင်းနှင့် လာအိုတြိဂံဒေသသို့ သွားလာနိုင်သော ရပ်ဝန်းဖြစ်၏။

ယခင်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲကြမ်းတမ်းခဲ့ပြီး ယနေ့ တပ်မတော်အစိုးရလက်ထက် ရောက်မှသာ မိုင်းပန်မြို့အနီး သံလွင်မြစ်ဖြတ် တံတားကြီး(တာဆန်း)ကို တည်ဆောက်ပေးခဲ့သည့်နောက်ပိုင်းမှာသော် လမ်းပန်းဆက်သွယ်မှု အထူးကောင်းမွန်လာခဲ့ကာ ယင်းနှင့်အတူ ဒေသခံတိုင်းရင်းသားများအတွက် မြတ်ဗုဒ္ဓဂုဏ်ရန့်ကို သင်းပျံ့စွာ ရှုရှိုက်နိုင်ပါစေခြင်းငှာ တပ်မတော်အစိုးရက ဦးဆောင်ဘုရားဒါယကာအဖြစ်ခံယူပြီး မိုင်းပန်မြို့၌ တည်ထားကိုးကွယ်သော ဥဏ္ဏတော် ၁၀၈ပေအမြင့်ရှိ ရွှေတိဂုံပုံတူစေတီတော် ဖြစ်ပါသည်။

၁၄-၃-၂၀၀၁ရက်နေ့၌ ရတနာပန္နက်တော်တင်မင်္ဂလာ၊ ၁၇-၅-၂၀၀၁ရက်နေ့၌ ရတနာအုတ်မြစ်တော်စီမင်္ဂလာ၊ ၁၆-၁၁-၂၀၀၂ ရက်နေ့၌ မူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်မင်္ဂလာ၊ ၈-၁၂-၂၀၀၃ရက်နေ့၌ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက မဟာမင်္ဂလာတို့ကို အသီးသီး ဆောင်ရွက်ကြပါသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရွှေထီးတော်တင်လှူ ပူဇော်ခဲ့ပါသည်။

၅။ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်

ပြည်ထောင်စုစာချုပ် ချုပ်ဆိုရာ ပင်လုံမြို့၌ ပြည်ထောင်စု ကျောက်တိုင်ဝင်းအတွင်း အချင်းပေ ၁၂၀၊ အမြင့်ပေ ၅၀ကို တိုင်တစ်လုံးမျှ မခံဘဲ မဟာလိုဏ်သဖွယ် တည်ထားပြီး ဥဏ္ဏတော် ၁၃၅ပေအမြင့်ရှိ ရွှေတိဂုံပုံတူစေတီတော် ဖြစ်ပါသည်။ ၂၉-၁၁-၂၀၀၂ရက်နေ့၌ ရတနာ ပန္နက်တော်တင်မင်္ဂလာ၊ ၉-၁၂-၂၀၀၂ရက်နေ့၌ ရတနာအုတ်မြစ်တော်စီ မင်္ဂလာ၊ ၅-၂-၂၀၀၆ရက်နေ့၌ ဌာပနာတော်သွင်းမင်္ဂလာ၊ ၁၀-၂-၂၀၀၆ ရက်နေ့၌ ရွှေထီးတော်တင် မဟာမင်္ဂလာတို့ကို အသီးသီးကျင်းပကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေထီးတော်တင်လှူ ပူဇော်ခဲ့ပါသည်။

ယင်းအပြင် ယနေ့တပ်မတော်အစိုးရလက်ထက်၌ တောင်ကြီးမြို့ အနီး ရှေးဟောင်းစေတီစုများဖြစ်သည့် ကက္ကူစေတီစု ပြန်လည်ပွင့်ပေါ်ကာ ဘက်စုံပြုပြင်မွမ်းမံလျက်ရှိရာ ယင်းကက္ကူစေတီစုများကား နိုင်ငံခြားခရီးသွားတို့၏ ခရီးစဉ်တစ်ခုအဖြစ် ကမ္ဘာကျော်စေတီတော်များ ဖြစ်လာလျက် ရှိနေလေပြီ။ ထို့အတူ ရှေးဟောင်း ပင်းတယဂူမှ ရုပ်ပွားတော်မြတ်များနှင့် ဂူကြီးတစ်ခုလုံး ပိုမိုတင့်တယ် သပ္ပာယ်အောင် ဘက်စုံပြုပြင်မွမ်းမံလျက် ဂူထိပ်အရောက် လွယ်ကူစွာ တက်လှမ်းနိုင်အောင် ခေတ်မီဓာတ်လှေကားတစ်စင်း တပ်ဆင်ပေးထားခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများ အားပါးတရ ရှုမဝနိုင်သည့် သာသနာ့ပန်းခင်းကြီးတစ်ခင်း ဖြစ်လာလျက်ရှိ၏။ ထို့ပြင် ကမ္ဘာကျော်ရုပ်ပွားတော်မြတ်များ ဖြစ်တော်မူကြသည့် အင်းလေးဖောင်တော်ဦးရုပ်ပွားတော်များနှင့် စပ်လျဉ်း၍ ယနေ့တပ်မတော် အစိုးရ၏ စေတနာ၊ သဒ္ဓါတရားများကိုကား အဋ္ဌကထာဆရာတော်ကြီး စကား ခေတ္တငှား သုံးစွဲရပါလျှင် **"ကော ပန ဝါဒေါ = ဘာပြောဖို့ လိုတော့မည်နည်း"**ဟူ၍။

ရှမ်း(တောင်)တစ်ခွင် မြတ်ဗုဒ္ဓ၏ မွေတော်၊ ဓာတ်တော်ပန်းများ လန်းလန်းစွင့် ပွင့်ဝေလျက်ရှိသည့်နည်းတူ ဗုဒ္ဓသားတော် ရဟန်းတော်များတွင် သီလ၊ သမာဓိ၊ ပညာ ကြီးမားတော်မူကြ၍ သာသနာ့အကျိုးကို ထူးထူးခြားခြား ထက်ထက်မြက်မြက် ဆောင်ရွက်နိုင်စွမ်းရှိတော်မူကြသည့် ဆရာတော်၊ သံဃာတော်တို့အား ဘွဲ့တံဆိပ်တော် ပူဇော်လှူဒါန်းမှု ကဏ္ဍာ၌ ယခင်နှင့်နှိုင်းယှဉ်လျှင် ၁၉၈၈ခုနှစ်အထိ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူရရှိသော ဆရာတော်များမှာ လေးပါးသာရှိခဲ့ပြီး ယနေ့ တပ်မတော်အစိုးရလက်ထက်တွင်မူ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူရရှိသည့် ဆရာတော်များမှာ အပါးပေါင်း ၉၀ကျော်နေလေပြီ။

တစ်ဆက်တည်းပင် ရှမ်း(တောင်)ရှိ မြို့တိုင်းမှာ ပရိယတ္တိစာသင်တိုက်များ တိုးပွားလာနေသကဲ့သို့ ပဋိပတ္တိကမ္မဋ္ဌာန်းတိုက်များလည်း တိုးပွားလာလျက်ရှိပြီး စာသံပေသံညံမစဲ တရားစခန်းတွေ အပွဲပွဲအပြင် ယဉ်ကျေးမှုသင်တန်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများဖြင့်လည်း လူငယ်ဘဝ အလှပန်းများ ဝေလျက်ရှိနေကြကုန်၏။

အထူးအားဖြင့် တောင်ကြီးမြို့မှာ သာမဏေကျော် စာမေးပွဲကြီး ဝှဲချီးကျင်းပနိုင်လျက်ရှိခြင်းကလည်း ယနေ့ခေတ်၏ အလင်းသစ် ပန်းတစ်ပွင့် ဖြစ်လာနေ၏။ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဆန္ဒာဓိက ဦးဆောင်လျက် ညောင်ရွှေမြို့ သာသနာဝိပုလ ရွှေဂူဆရာတော်၊ အင်းလေး ရွှေဘုံသာဆရာတော်၊ တောင်ကြီး စွန်းလွန်းဂူဆရာတော် စသည့် နေလသဖွယ် ထင်ရှားသော ဆရာတော်ကြီးများ ကြီးမှူးကာ ဓမ္မာနုဂ္ဂဟတစ်ပိုင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဇနီးဒေါ်သင်းမျိုးမျိုးအောင် ဦးဆောင်လျက် တာဝန်ရှိပုဂ္ဂိုလ်များ၊ စာမေးပွဲကျင်းပရေး ကော်မတီဝင်များ၊ စေတနာရှင်များက ပစ္စယာနုဂ္ဂဟတစ်ပိုင်း၊ နှစ်ပိုင်း နှစ်ကဏ္ဍ မလျော့ရအောင် လုံ့လအားစိုက်လျက်ရှိကြပါကုန်၏။

သို့ဖြင့် ပန်းထောင်ပွင့်ဝေသော ရှမ်း(တောင်)မြင့်မြေရှိ သာသနာရေးရာ ပန်းခင်းတို့၏ လန်းပွင့်ခြင်းအဖြာဖြာတို့ကို မုဒိတာမျက်လုံးဖြင့် ကြည်ပြုံးစွာ ရှုကြည့်ကြပြီးနောက် လောကရေးရာပန်းခင်း လင်းလက်လှပနေပုံတို့ကိုပါ ဆက်လက် ကြည့်ရှုကြပါဦးစို့။ ။

မိမိတို့စက်ရုံများမှထုတ်လုပ်သည့် ဆေးဝါးများ၏အရည်အသွေး အစဉ်မြင့်မားအောင် စနစ်ရှိရှိဆန်းစစ်ထုတ်လုပ် ပြည်သူများ အားကိုးအားထားပြုရသည့် ခေတ်မီအဆင့်မီ ဆေးဝါးများဖြစ်အောင် တာဝန်ရှိသူများ မပြတ်လေ့လာ

တစ်မျိုးသားလုံးအတွက် အကျိုးရှိမည့် ဆေးဝါးအမယ်သစ်များပေါ်ထွက်လာအောင် သုတေသနပြု အများပြည်သူ ဝယ်ယူအသုံးပြုနိုင်သည့်အဆင့်အထိ ဆေးဝါးများကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ရတနာပုံမြို့သစ် တည်ဆောက်ရေးလုပ်ငန်းများကို ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)နှင့် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)တို့၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၌ လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

ရတနာပုံမြို့သစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြင်ဦးလွင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၁၀နာရီတွင် ရတနာပုံမြို့သစ် တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရှင်းလင်းတင်ပြရာတွင် ပြင်ဦးလွင်မြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သက်ဆိုင်ရာ ကော်မတီများ စနစ်တကျ ဖွဲ့စည်း၍ တည်ဆောက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိစဉ် မြို့သစ်အတွက် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ စီမံကိန်းလုပ်ငန်းများအဆင့်လိုက် သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ စီမံကိန်းဧရိယာ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးရေးအပါအဝင် လမ်းညွှန်ခဲ့မှုများကို လုပ်ငန်းကိစ္စရပ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းဧရိယာအတွင်း ၂၄ပေကျယ်သည့် ကွန်ကရစ်လမ်းများကိုလည်း ဖောက်လုပ်လျက်ရှိသကဲ့သို့ Tele-Port ပင်မအဆောက်အအုံ၊ Incubation အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး၊ Tele-Port ပင်မအဆောက်အအုံ၌ တပ်ဆင်သွားမည့် ခေတ်မီစက်ပစ္စည်းကိရိယာများ အခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုများ၊ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း၌ ပြည်တွင်း၊ ပြည်ပ IT ကုမ္ပဏီများ၏ စိတ်ဝင်စားမှုများနှင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

သောက်သုံးရေရရှိရေး

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရတနာပုံမြို့သစ်၌ သောက်သုံးရေ ရရှိရေးအတွက် စည်သာရေကူ ရေလှောင်တမံကို တည်ဆောက်လျက်ရှိပါကြောင်း၊ စီမံကိန်းဧရိယာအတွင်း ဖြစ်နိုင်သည့်လျှိုများကိုပိတ်၍ လျှိုပိတ်ဆည်များလည်း တည်ဆောက်လျက်ရှိပါကြောင်း၊ ဆင်လမ်း ရေလှောင်တမံကို ရေပိုမိုသိုလှောင်နိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် စီမံကိန်းဧရိယာအနီးရှိ ပြင်စာကျေးရွာ ပတ်ဝန်းကျင်၌ ချောင်းများကိုပိတ်၍ ရေရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ပြင်ဦးလွင်မြို့၌ သောက်သုံးရေ ယခုထက်ပိုမို ဖူလုံရေးအတွက် ပွေးကောက်ရေတံခွန်နှင့် ဓာတ်တော်ချိုင့်တို့မှ ရေအရင်းအမြစ်များ တိုးချဲ့အသုံးပြုနိုင်ရန် လေ့လာထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပြင်ဦးလွင်မြို့နှင့် ရတနာပုံမြို့သစ် အတွက် သောက်သုံးရေ ဖြည့်ဆည်းပေးနိုင်မည့် ရေအရင်းအမြစ်နှင့် ရာသီဥတု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးမြင့်ဦးက ရတနာပုံမြို့သစ်သို့ ရေပိုက်လိုင်းသွယ်တန်းရေး စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ရတနာပုံမြို့သစ်အတွက် လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက် ရရှိစေရန် ဓာတ်အားခွဲဝေပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ခေတ်မီသပ်ရပ်လှပစွာတည်ဆောက်

ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သောက်သုံးရေ ရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ထပ်မံစိစစ်မေးမြန်းပြီး ရတနာပုံမြို့သစ်ကို စနစ်တကျ အကွက်ကျကျ ခေတ်မီသပ်ရပ်လှပစွာ တည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်တွင်း ပြည်ပ IT ပညာရှင်များအား နှုတ်ဆက်ပြီး စီမံကိန်း ရှင်းလင်းဆောင်ရှုရပ်မှ ရတနာပုံမြို့သစ် စီမံကိန်းဧရိယာကို ကြည့်ရှုသည်။ ဆက်လက်၍ Tele-Port ပင်မ အဆောက်အအုံ၊ Incubation အဆောက်အအုံ ဆောက်လုပ်နေမှုများ၊ ကွန်ကရစ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်း စက်ရုံ(ပြင်ဦးလွင်)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စက်ရုံခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးလုပ်ငန်း စက်ရုံ(ပြင်ဦးလွင်)စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများ၊ ခေတ်မီစက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုများ၊ ဆေးပြား၊ ဆေးတောင့်၊ ဆေးရည်၊ ဆေးမှုန့်၊ လိမ်းဆေးထုတ်လုပ်နေမှုများ၊ ထိုးဆေးနှင့် သွေးကြောသွင်း ဆေးရည် ဆက်လက်ထုတ်လုပ်သွားမည့် အစီအစဉ်များ၊ နိုင်ငံတော်အကြီးအကဲ ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် ဤစီမံကိန်းသို့ ရောက်ရှိစဉ် လမ်းညွှန်ခဲ့မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်ရုံမှူး ဒေါက်တာမြင့်စိန်က ဆေးဝါးလုပ်ငန်း စက်ရုံ (ပြင်ဦးလွင်)၌ ထုတ်လုပ်သွားမည့် ဆေးဝါးများနှင့် ဆေးဝါးများ၏ အရည်အသွေးများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ရာတွင် **မိမိတို့ စက်ရုံများမှ ထုတ်လုပ်သည့် ဆေးဝါးများ၏ အရည်အသွေးအဆင့်အတန်း အစဉ်မြင့်မားနေအောင် စနစ်ရှိရှိ ဆန်းစစ်သုံးသပ်ထုတ်လုပ်သွားရန်ဖြစ်ကြောင်း၊ ပြည်သူများအတွက် အားကိုးအားထား ပြုရသည့် ခေတ်မီ အဆင့်မီ ဆေးဝါးများဖြစ်အောင် တာဝန်ရှိသူများအနေဖြင့် ဆေးဝါးများ၏ အကျိုး အာနိသင်နှင့် ဘေးထွက်အကျိုးသက်ရောက်မှုတို့ကို အမြဲမပြတ်လေ့လာ ညှိနှိုင်း ဆွေးနွေးနေရန်လိုကြောင်း။**

အထူးသဖြင့် မိမိတို့ နိုင်ငံ၌ အဖြစ်များသည့် ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ ဝမ်းကိုက်၊ ဝမ်းလျှော စသည့် ရောဂါတို့ကို ထိထိရောက်ရောက် ကုသနိုင်သည့် ကိုယ်ပိုင်ဆေးဝါးများ အမြန်ဆုံး ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

ဆေးဝါးထုတ်လုပ်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းဆေးဝါးပင်များကို စုဆောင်းစိုက်ပျိုးသွားရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)က ၂၀၀၅ခုနှစ် မတ်လမှ စတင်၍ ဆေးပြား၊ ဆေးတောင့်များကို စမ်းသပ်ထုတ်လုပ်ခဲ့သည်။

၂၀၀၇ခုနှစ် မေလတွင် စက်များပြည့်စုံစွာ တပ်ဆင်ပြီးစီးမည်ဖြစ်ရာ ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်၊ ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့်အမယ်ပေါင်း ၂၁၃မျိုးကို ဆေးဝါးလုပ်ငန်း စက်ရုံ (ပြင်ဦးလွင်)က ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်မည် ဖြစ်ကြောင်းသိရှိရသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရတနာပုံမြို့သစ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆေးသုတေသနလုပ်ငန်း၌ တာဝန်ပိုင်းနှစ်ပိုင်းရှိ၊ အနောက်တိုင်း၏ ခေတ်မီဆေးသိပ္ပံပညာများနှင့် ဆေးဝါးများကို ဆန်းစစ်လေ့လာနားလည်သိရှိပြီး မိမိတို့နိုင်ငံ၌ လိုက်လျောညီထွေစွာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း၍ အဆင့်မီဆေးပညာရပ်များကို လက်တွေ့အသုံးချသွားနိုင်ရန်၊ ခေတ်မီဆေးဝါးထုတ်လုပ်မှုနည်းစဉ်များကို လေ့လာသိရှိပြီးနောက် ယင်းဆေးဝါးများကို မိမိတို့ကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက် ထုတ်လုပ်သွားနိုင်သည့် အဆင့်အထိ တက်လှမ်းသွားရန်မှာ ပထမလုပ်ငန်းတာဝန်ပိုင်းဖြစ်။

ဒုတိယလုပ်ငန်းတာဝန်ပိုင်းမှာ မိမိတို့နိုင်ငံ၏ ရေမြေ၊ ရာသီဥတု အခြေအနေအရ ဒေသအလိုက် ဖြစ်ထွန်းလျက်ရှိသော သဘာဝဆေးဝါးပင်များ၊ ဆေးရွက်များ၊ ဆေးမြစ်များကို အသုံးချ၍ ဆေးစွမ်းကောင်းများ ပေါ်ထွက်လာအောင် သုတေသနပြုရန်ဖြစ်။

☆ စာမျက်နှာ ၆ မှ

ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ ရောက်ရှိကြရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ နိုင်ငံတော် အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ခဲ့မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် **ကျန်းမာရေးလုပ်ငန်း၌ ပညာပေးမှု အပိုင်း၊ ရောဂါကာကွယ်ရေးအပိုင်း၊ ရောဂါကုသရေးအပိုင်း စသည်ဖြင့် အပိုင်းသုံးပိုင်းရှိရာ ယင်း အပိုင်းသုံးပိုင်းကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။**

ဆေးသုတေသနလုပ်ငန်းသည် ယင်းကျန်းမာရေးလုပ်ငန်းများကို အဓိက အရေးကြီးသော အခန်းကဏ္ဍမှ အထောက်အကူပြုလျက်ရှိကြောင်း။ ထို့ကြောင့် ဆေးသုတေသနလုပ်ငန်းများကို ရန်ကုန်မြို့၌သာမက မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းတို့၌ပါ ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဆေးသုတေသန ဦးစီးဌာနများကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

ဆေးသုတေသနလုပ်ငန်း၌ တာဝန်ပိုင်းနှစ်ပိုင်းရှိကြောင်း၊ အနောက်တိုင်း၏ ခေတ်မီ ဆေးသိပ္ပံပညာများနှင့် ဆေးဝါးများကို ဆန်းစစ်လေ့လာနားလည်သိရှိပြီး မိမိတို့နိုင်ငံ၌ လိုက်လျောညီထွေစွာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း၍ အဆင့်မီ ဆေးပညာရပ်များကို လက်တွေ့အသုံးချသွားနိုင်ရန်၊ ခေတ်မီဆေးဝါးထုတ်လုပ်မှုနည်းစဉ်များကို လေ့လာသိရှိပြီးနောက် ယင်းဆေးဝါးများကို မိမိတို့ကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက် ထုတ်လုပ်သွားနိုင်သည့် အဆင့်အထိ တက်လှမ်းသွားရန်မှာ ပထမလုပ်ငန်းတာဝန်ပိုင်းဖြစ်ကြောင်း။

ဒုတိယလုပ်ငန်း တာဝန်ပိုင်းမှာ မိမိတို့နိုင်ငံ၏ ရေမြေ၊ ရာသီဥတု အခြေအနေအရ ဒေသအလိုက် ဖြစ်ထွန်းလျက်ရှိသော သဘာဝဆေးဝါးပင်များ၊ ဆေးရွက်များ၊ ဆေးမြစ်များကို အသုံးချ၍ ဆေးစွမ်းကောင်းများ ပေါ်ထွက်လာအောင် သုတေသနပြုရန်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံသည် ကွဲပြားခြားနားသော ရာသီဥတု အခြေအနေမျိုးစုံဖြင့် ပြည့်စုံနေသကဲ့သို့ ဆေးဖက်ဝင် ဆေးဝါးအပင်မျိုးစုံ ပေါက်ရောက်လျက်ရှိရာ ယင်းဆေးဝါးပင်များကို စနစ်တကျ သုတေသနပြုပြီး တစ်မျိုးသားလုံးအတွက် အကျိုးရှိမည့် ဆေးဝါးအမယ်သစ်များ ပေါ်ထွက်လာအောင်သုတေသနပြုကြရမှာဖြစ်ကြောင်း။

ယင်းသို့ သုတေသနပြုလုပ်ပြီး အများပြည်သူ ဝယ်ယူအသုံးပြုနိုင်သည့် အဆင့်အထိ ဆေးဝါးများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သွားနိုင်မှသာ အမျိုးသား ကျန်းမာရေး အဆင့်အတန်းသည်လည်း ထိရောက်မြင့်မားသွားမှာဖြစ်ကြောင်း၊ အများပြည်သူ တစ်ရပ်လုံး လွှမ်းခြုံသုံးစွဲသည့် အဆင့်အထိ ရရှိအောင် ကြိုးပမ်းလုပ်ဆောင်သွားရမှာဖြစ်ကြောင်း။ သုတေသနလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် နိုင်ငံများသည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

မိမိတို့ နိုင်ငံ၌လည်း ဆေးသုတေသန လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို နိုင်ငံတော်အပိုင်းက ဖန်တီးပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးသုတေသနဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များအနေဖြင့် မိမိတို့၏ သုတေသနလုပ်ငန်းများကို ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လိုအပ်သော ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးနိုင်ရေး ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)



ဒေါ်ဖြူဖြူ(ကွယ်လွန်)အား ရည်စူး၍ ခင်ပွန်း ဦးဝင်းမောင်၊ သမီး ဒေါ်အေးအေးဝင်း၊ သား ဦးအောင်ဝင်း ဒေါ်မူမူချို အမှတ် (၅၂)၊ ဝေဇယန္တာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ မိသားစုတို့က မေ ၂၁ရက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၅၀၀၀၀ ကို စောင့်ရှောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၅၀၆)

အသံမစဲမဟာပဋ္ဌာန်းကျမ်း ရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် မေ ၂၂

တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက်၊ ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလ ခနေဖြူတိုက်သစ်ကျောင်း၌ အဋ္ဌမ အကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို မေ ၂၆ရက် မှ၃၀ရက်အထိငါးရက်တိုင် ကျင်းပမည်ဖြစ်ရာ ပဋ္ဌာန်းတောင်းများ၊ ပဋ္ဌာန်းအိုးများနှင့် ပဋ္ဌာန်းဝေယျာဝစ္စများကို အကျိုးဆောင်အဖွဲ့ ဖုန်း-၅၆၃၁၄၁သို့ ဆက်သွယ်လှူဒါန်း ကြွရောက် ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၁၅ ၁၀။ မိုးလေဝသသတင်း
၆:၂၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၁၀)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးနဂါးသိုင်းရှစ်ကွက် (အပိုင်း-၂၂)**
၁၉။ သင့်အတွက်မနက်ဖြန်
၂၀။ အပိတ်နှုတ်ဆက်စကား
၂၁။ ပြီးပါပြီ။

ကျန်းမာရေးအဆင့်မြှင့်တင်မှုအစီအစဉ် ဒုတိယအဆင့်ကို ကာလသတ်မှတ်၍ ဆက်လက်အကောင်အထည်ဖော်သွား
ဆေးရုံများ၌ လိုအပ်သော ခေတ်မီဆေးပစ္စည်းကိရိယာများကို အတတ်နိုင်ဆုံး ပြည့်စုံအောင် ဝယ်ယူဖြည့်ဆည်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးမြို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ရန်ကြီးအောင်ရိပ်သာ၌ မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားအတွက် အလှူတော်ငွေများကို ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

✳ **ရှေ့ဖုံးမှ**

မှာကြားရာ၌ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဘက်စုံအထူးကုဆေးရုံကြီးများကို အလေးထားထူထောင်သွားရန် ရည်မှန်းထားကြောင်း။

ယင်းရည်မှန်းချက်အရ ရန်ကုန်ဆေးရုံကြီးကဲ့သို့ပင် မန္တလေးဆေးရုံကြီး၌လည်း ကျန်းမာရေးကုသစောင့်ရှောက်မှု လုပ်ငန်းများကို တန်းတူရည်တူ ဆောင်ရွက်နိုင်ရန် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ကြောင်း။

ရန်ကုန်ဆေးရုံကြီး သည်ပင် တစ်ချိန်တစ်ခါက အစစအရာရာ ပြည့်စုံမှုမရှိခဲ့သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အပြည့်အဝ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ကြောင်း။

ယင်းသို့ဖြစ်ရသည်မှာလည်း ဆေးပညာရှင် လူ့အရင်းအမြစ်များ မပြည့်စုံမှုနှင့် ရုပ်ဝတ္ထုပိုင်းအရ ခေတ်မီဆေးပစ္စည်းကိရိယာများ ပြည့်ပြည့်စုံစုံမရှိမှု စသည့် အချက်နှစ်ချက်ကြောင့်ဖြစ်ကြောင်း။

ထို့ကြောင့် **ဆေးရုံကြီးများအတွက် ဆေးပညာရှင်များ မွေးထုတ်ခြင်း၊ ခေတ်မီ ဆေးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်ဆည်းပေးခြင်း၊ လိုအပ်သော အဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို စီမံချက်ချ၍ အဆင့်အလိုက် မိမိတို့ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။**

ကျန်းမာရေး အဆင့်မြှင့်တင်မှု အစီအစဉ် ပထမအဆင့်အရ ဆေးရုံများ၌ အမှန်တကယ်လိုအပ်သော ခေတ်မီဆေးပစ္စည်းကိရိယာများကိုလည်း ဝယ်ယူတပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း။

သာမန် ဆရာဝန်များသာမက ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများကိုလည်း တိုးချဲ့လေ့ကျင့်မွေးထုတ်လျက်ရှိကြောင်း။

အထူးပြုလေ့လာသည့်အဆင့်

ယနေ့ခေတ်သည် ဘာသာရပ်အားလုံးကို ခြုံငုံ၍ အထွေထွေလေ့လာသည့်အဆင့်မှ ဘာသာရပ်အလိုက် အသေးစိတ်ကျွမ်းကျင်အောင် အထူးပြုလေ့လာသည့်အဆင့်သို့ ရောက်ရှိနေသော ခေတ်ဖြစ်ကြောင်း။

ဘာသာရပ်အလိုက် အသုံးပြုရာ၌ ထိရောက်မှုရှိသည့် ဆေးပစ္စည်းကိရိယာများလည်း အမျိုးမျိုး ဆန်းသစ်ပေါ်ထွက်လျက်ရှိကြောင်း။

ထို့ကြောင့် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသော ဆေးပညာရပ်များကို အခြားနိုင်ငံများနှင့် အတူ ရင်ပေါင်တန်းပြီး နားလည်သိရှိ လက်တွေ့ အသုံးပြုနိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးနေရမှာဖြစ်ကြောင်း။

ပြင်ပ ဆေးတက္ကသိုလ်များ၊ ဆေးရုံများနှင့် ဘာသာရပ် အလိုက်ပညာနှင့် အတွေ့အကြုံ ဖလှယ်ခြင်း၊ လေ့လာခြင်း စသည့် နည်းလမ်းများကို ညှိနှိုင်း ကျင့်သုံးသွားရန်လိုကြောင်း။

ယခုကျန်းမာရေး အဆင့်မြှင့်တင်မှု အစီအစဉ် ဒုတိယအဆင့်ကို ကာလ သတ်မှတ်၍ ဆက်လက်အကောင် အထည်ဖော် သွားမည်ဖြစ်ရာ ဆေးရုံများ၌လိုအပ်သော ခေတ်မီဆေးပစ္စည်း ကိရိယာများကို အတတ်နိုင်ဆုံး ပြည့်စုံအောင် ဝယ်ယူဖြည့်ဆည်းပေးသွားမှာ ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသော ဆေးပညာရပ်များကို အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းပြီး နားလည်သိရှိ လက်တွေ့အသုံးပြုနိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးနေရမှာဖြစ်။

ဧရာဝတီတံတား (ရတနာပုံ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

...ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ ...ကောင် ဝယ်ယူဖြည့်ဆည်းပေးသွားမည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

...ာ်နှင့်အညီ ...သော ဆေး ...ိုင်ငံများနှင့် ...းလည်းသိရှိ ...အောင် အမြဲ ...နေရမှာဖြစ်

ပြင်ပ ဆေးတက္ကသိုလ်များ၊ ဆေးရုံများနှင့် ဘာသာရပ် အလိုက်ပညာနှင့် အတွေ့အကြုံ ဖလှယ်ခြင်း၊ လေ့လာခြင်း စသည့် နည်းလမ်းများကို ညှိနှိုင်းကျင့်သုံးသွားရန်လိုကြောင်း။

ယခုကျန်းမာရေး အဆင့်မြှင့်တင်မှု အစီအစဉ် ဒုတိယအဆင့်ကို ကာလ သတ်မှတ်၍ ဆက်လက်အကောင်အထည်ဖော် သွားမည်ဖြစ်ရာ ဆေးရုံများ၌လိုအပ်သော ခေတ်မီဆေးပစ္စည်း ကိရိယာများကို အတတ်နိုင်ဆုံး ပြည့်စုံအောင် ဝယ်ယူဖြည့်ဆည်းပေးသွားမှာ ဖြစ်ကြောင်း။

ကျန်းမာရေးကုသ စောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ဆေးရုံများအပေါ် ပြည်သူများက ယုံကြည်စိတ်ချအားကိုးလာအောင် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

မန္တလေးဆေးရုံကြီးသည် ဘက်စုံအထူးကုဆေးရုံကြီး ဖြစ်သည့်အားလျော်စွာ ရောက်ရှိလာသော လူနာမျိုးစုံကို မိမိဆေးရုံ၌ပင် နိုင်နိုင်နင်းနင်း ကုသစောင့်ရှောက်သွားနိုင်ရမှာ ဖြစ်ကြောင်း။

ယနေ့ခေတ်အခါ၌ ထိရောက်သော ခေတ်မီဆေးဝါးနှင့် ဆေးပစ္စည်း ကိရိယာအမျိုးမျိုး ပေါ်ထွက်လာလျက်ရှိသည်မှာ မှန်သော်လည်း ဝယ်ယူရသည့် တန်ဖိုးပမာဏမှာလည်း မြင့်မားလျက်ရှိကြောင်း။

ထို့ကြောင့် **ဆေးရုံများ၌ အရာရာကို လူနာများက အခမဲ့စနစ်ဖြင့် စောင့်ရှောက်မှုခံယူနေ၍ မဖြစ်ဘဲ နိုင်ငံတော်၏ ရင်းနှီးကျခံနေရသော ကုန်ကျစရိတ်၌ ထိုက်တန်သည့် အချိုးအဆဖြင့် မျှတခွဲဝေ ကျခံသွားကြရန်လိုကြောင်း။**

ပြောင်းလဲဖြစ်ပေါ်လာမည်

ဆေးရုံများ၌ အခမဲ့ကုသသည့် အပိုင်းနှင့် ထိုက်တန်သည့် ငွေကြေးပေးရသည့် အပိုင်းဟူ၍ ပြောင်းလဲဖြစ်ပေါ်လာမှာဖြစ်ကြောင်း။

သို့မှသာ ရေရှည်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်း။

ပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာ အဆင့်အတန်းရှိရှိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ဝိုင်းဝန်းအားထုတ်ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်ဝင်းက မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၌ ခေတ်မီကုသရေးပစ္စည်း ကိရိယာများကို နိုင်ငံတော်က ဖြည့်ဆည်းပေးခဲ့မှု၊ ထို့ကြောင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကုသပေးနိုင်သကဲ့သို့ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၌လည်း ဝေဒနာရှင်များအား ရောဂါမျိုးစုံကို ထိထိရောက်ရောက် ကုသပေးနိုင်ခဲ့မှုနှင့် ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်သည့် ဆေးကုသရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ရန်ကုန်မြို့ရှိ ဆေးရုံကြီးများကဲ့သို့ မန္တလေးမြို့ရှိ ဆေးရုံကြီးများ၏ အဆင့်အတန်း မြင့်မားလာအောင် နိုင်ငံတော်၏ အားပေးပံ့ပိုးမှုများဖြင့် ဖြည့်ဆည်းဆောင်ရွက်ခဲ့မှုများ၊ မန္တလေးမြို့နည်းတူ အခြားအချက်အချာကျသည့် မြို့ကြီးများ၌လည်း ဆေးရုံအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးခဲ့မှု၊ ခေတ်မီဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ပံ့ပိုးဖြည့်ဆည်းပေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်စည်ပင်မှုများကိုလည်းကောင်း၊ ကန်တော်ကြီး သာယာလှပရေး ဆောင်ရွက်ထားမှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပင်မတံတား၊ ချဉ်းကပ်တံတားများ၊ ချဉ်းကပ်လမ်းများအပါအဝင် စီမံကိန်းတစ်ခုလုံး ပြီးစီးမှုများကိုလည်းကောင်း၊ တံတား၏ခံနိုင်ဝန် စနစ်တကျ စမ်းသပ်မှုများကို လည်းကောင်း၊ တံတားကြီးကို ပြည်သူများအား ဖြတ်သန်းအသုံးပြုခွင့် ပေးထားမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တံတားတည်ဆောက်ရေး လုပ်ငန်းများကို စနစ်တကျ သေသပ်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စီမံကိန်းရှင်းလင်းဆောင်မှ ဧရာဝတီတံတား(ရတနာပုံ) ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးဘက်မှ စစ်ကိုင်းဘက်သို့ တံတားကြီးပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ စစ်ကိုင်းဘက်အပိုင်း တံတားချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် စစ်ကိုင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီတံတား(ရတနာပုံ)မှာ ၄၉ ပေကျယ် လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်သည်။ တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းလည်း ပါရှိသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးလိုက်ပါလျက် စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားအား သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားအတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။
(သတင်းစဉ်)

ဧရာဝတီတံတား (ရတနာပုံ)ကို တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၁၅ ၇။ အဆိုပြိုင်ပွဲ

၈:၂၀ ၈။ ကျောက်ကြီးပေါက်တံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Grammar Made Easy.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ တေးဂီတအစီအစဉ်

၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်)

၄:၅၅ ၅။ အကပဒေသာ

၅:၀၅ ၆။ မြန်မာစာ၊ မြန်မာစကား

၅:၁၅ ၇။ **"အသိစိတ်ကလေး အရင်းတည်၍" ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)**

၅:၂၅ ၈။ မြန်မာ့ရိုးရာတောခလေ့ကျေးလက်တေးသံများ

၅:၃၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၅:၄၅ ၁၀။ **"မောင်မြန်မာ လျှပ်စစ်စက်ဘီး" [ရီဝေယံ၊ စောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း] (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)**

၅:၅၀ ၁၁။ မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့ အပိုင်း(၁)

၆:၀၀ ၁၂။ ညနေခင်းသတင်းများ

၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၄။ အလှရှာမယ်လှကမ္ဘာဝယ်

၇:၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာ ဘဝပင်ခြားသော်လည်း" (အပိုင်း-၁၂)**

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယချစ်ပုံပြင်" (အပိုင်း-၃)**

၂၀။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

မိမိတို့နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်စနိုင်ငံဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကြောင့် လျှပ်စစ်မီး အခက်အခဲဖြစ်ရ သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဤအခက်အခဲကို လျစ်လျူရှုမထားဘဲ အစွမ်းကုန် ဖြေရှင်းပေးလျက်ရှိ

➪ **ကျောဖုံးမှ**

- ထိုကိစ္စများကိုစီမံဖန်တီးဆောင်ရွက်နေသူများမှာလည်း ပြည်တွင်းဆူပူမှုကိုဖန်တီးကာ ဖြတ်လမ်းကအာဏာရယူလိုကြသော ပြည်တွင်း၊ ပြည်ပ ထင်ပေါ်ကျော်ကြားမှုဖြင့် ပြည်ပမှငွေကြေးပစ္စည်းနှင့် ဘွဲ့ထူးဂုဏ်ထူးရရှိမှုကို မျှော်မှန်းကြသည့်ပြည်တွင်းပုဆိန်ရိုး၊ ၈၈ မျိုးဆက်ကျောင်းသားဆိုသူအဖွဲ့နှင့် ထင်ကျော်(ခေါ်)ကျော်ထင်၊ မြင့်အေးတို့လူတစ်စုသာဖြစ်ကြောင်း။
- ထို့ပြင် ထိုသို့မတည်ငြိမ်မှုဖြစ်အောင်၊ အေးချမ်းမှုပျက်ပြားအောင် ပြည်သူအား သွေးထိုးလှုံ့ဆော်ရာတွင် အကြောင်းပြသည့်အချက်များမှာလည်း သေချာစွာစဉ်းစားသုံးသပ်ပါက အဓိပ္ပာယ်မရှိကြောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း။
- မိမိတို့နိုင်ငံတွင် လျှပ်စစ်မီးအခက်အခဲရှိသည်မှာ မှန်ကြောင်း၊ သို့သော် ဤအခက်အခဲမှာ မိမိတို့တစ်နိုင်ငံတည်းတွင် ကြုံတွေ့ရသောအခက်အခဲမဟုတ်ဘဲ နိုင်ငံအများတွင်ကြုံတွေ့နေရသောအခက်အခဲဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်စနိုင်ငံများတွင် အများဆုံးကြုံတွေ့နေရသော အခက်အခဲဖြစ်ကြောင်း။
- မိမိတို့နိုင်ငံမှာလည်း ဖွံ့ဖြိုးတိုးတက်စနိုင်ငံဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကြောင့် လျှပ်စစ်မီးအခက်အခဲ ဖြစ်ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဤအခက်အခဲကို လျစ်လျူရှုမထားဘဲ အစွမ်းကုန်ဖြေရှင်းပေးလျက်ရှိကြောင်း။
- သင်္ကြန်ကာလရုံးပိတ်ရက်အတွင်းမှာပင်လျှင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများသို့ သွားရောက်စစ်ဆေးကာ စီမံကိန်းများ အမြန်ပြီးစီးအောင် ကြပ်မတ်ပံ့ပိုး စီစဉ်ပေးနေသည်ကို တွေ့မြင်နိုင်ကြောင်း။
- အမှန်တကယ်အားဖြင့် ဤစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အခက်အခဲဖြစ်အောင် နှောင့်ယှက်ဟန့်တားနေသူများမှာ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ဆောင်ရွက်နေကြသည့် ယခုဆန္ဒပြသူများ အပါအဝင် ပြည်တွင်း၊ ပြည်ပဆန့်ကျင်ဘက် အဖျက်သမားများသာဖြစ်ကြောင်း၊ ၎င်းတို့၏ ပိတ်ဆို့နှောင့်ယှက်မှုများကြောင့် စီမံကိန်းများအကောင်အထည်ဖော်မှုတွင် အခက်အခဲအနည်းနှင့်အများ ကြုံတွေ့ရကြောင်း။
- သို့ဖြစ်၍ လျှပ်စစ်မီးအခက်အခဲကိုကျော်လွှားနိုင်အောင် ဆိုင်းဘုတ်ကိုင်၍ နိုင်ငံတော်အစိုးရအားဆန္ဒပြသည်ဆိုသည်မှာ အဓိပ္ပာယ်မရှိကြောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း၊ တကယ်ဆိုပါက မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှ ပိတ်ဆို့တားဆီးနှောင့်ယှက်နေကြသည့်ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားများကိုသာ ဆန့်ကျင်ကန့်ကွက်ဆန္ဒပြရမည်ဖြစ်ကြောင်း။

ထို့အတူကုန်ဈေးနှုန်းကျဆင်းရေးဟုဆိုကာပြည်သူလူထုအား သွေးထိုးလှုံ့ဆော်မှုမှာလည်း အဓိပ္ပာယ်မရှိကြောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း၊ မိမိတို့ပြည်သူအများစုသည် သတင်းမီဒီယာများ ဖွံ့ဖြိုးလာသည်နှင့်အညီ ပြည်တွင်း၊ ပြည်ပ အခြေအနေများကိုလက်လှမ်းမီသိရှိကြကြောင်း၊ ထိုသို့သိရှိမှုအရ မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းများသည် အခြားနိုင်ငံများတွင်ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းများလောက် မကြီးမြင့်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် ဘက်ပေါင်းစုံမှ ကုန်ထုတ်လုပ်မှု တိုးမြှင့်အောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုး၊ မွေးမြူရေး ကုန်ထုတ်စရိတ်များ လျော့နည်းကျဆင်းအောင် အထွက်နှုန်းတိုးရေး၊ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ သွင်းအားစုများပံ့ပိုးကူညီပေးခြင်း၊ ထို့အတူ စက်မှုလုပ်ငန်းများတွင်လည်း စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခြင်း၊ ထုတ်လုပ်ကုန်ကျစရိတ် လျော့နည်းကျဆင်းအောင် ဆောင်ရွက်ခြင်း၊ ပို့ဆောင်ရေးကဏ္ဍတွင်လည်း ကုန်ပို့စရိတ်များ လျော့နည်းကျဆင်းအောင် အထူးကုန်ရထားများပြေးဆွဲပေးခြင်း၊ အထူးကုန်သင်္ဘောများ ပြေးဆွဲပေးခြင်း၊ မော်တော်ယာဉ်သုံး CNG ဓာတ်ငွေ့ဆိုင်များ တိုးချဲ့ဖွင့်လှစ်ရောင်းချပေးခြင်း စသည်တို့ဖြင့်ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို တွေ့မြင်နိုင်ကြောင်း၊ အမှန်တကယ်ကုန်ဈေးနှုန်း တည်ငြိမ်အောင် ကျဆင်းအောင်ဆိုပါက အဆိုပါလုပ်ငန်းများအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန်သာရှိကြောင်း၊ သို့ရာတွင် ကုန်ဈေးနှုန်းကျဆင်းရေးဟု အသံကောင်းဟစ် ဆန္ဒပြနေသူများနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်သော ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်သူများကသာ မိမိတို့အား ပိတ်လေးပိတ်ဖြင့်ပိတ်ဆို့လျက်ရှိကြောင်း၊ ထိုပိတ်ဆို့မှုများက ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကျဆင်းရေးကိုထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် ဆန့်ကျင်ကန့်ကွက်မည်ဆိုပါက မိမိတို့နိုင်ငံအား ပိတ်ဆို့ဟန့်တားနေသည့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားများကိုသာ ဆန့်ကျင်ကန့်ကွက်ရမည်ဖြစ်ကြောင်းဖြင့် ဝေဖန်ပြောဆိုလျက်ရှိကြောင်း ကြားသိရသည်။

ထို့အတူ **လွတ်လပ်စွာကုန်သွယ်ခွင့်ရရှိရေး၊ အလုပ်လက်မဲ့ပပျောက်ရေး၊ အမျိုးကောင်းသားသမီးများ မပျက်စီးရေးဆိုသည့် သွေးထိုးချက်များနှင့်ပတ်သက်ပါကလည်း မိမိတို့နိုင်ငံအပေါ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမပြုလုပ်ရန် ပိတ်ဆို့နေသူမှာ ယခုဆန္ဒပြနေသူများနှင့်၎င်းတို့၏ အနောက်ဆရာကြီးများသာဖြစ်ကြောင်း၊ ၎င်းတို့၏ပိတ်ဆို့မှုကြောင့် အထည်ချုပ်စက်ရုံအများအပြားပိတ်ခဲ့ရခြင်း၊ အချို့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပြန်လည်ရုပ်သိမ်းသွားခဲ့ခြင်းတို့ကြောင့် ပြည်သူအများအလုပ်လက်မဲ့ ဖြစ်ခဲ့ကြရကြောင်း၊ ထိုသို့အလုပ်လက်မဲ့ဖြစ်ခဲ့ကြရသည့်အတွက် အချို့မိန်းကလေးများ ဘဝပျက်ရသည့်အခြေအနေသို့ ရောက်ခဲ့ကြရကြောင်း၊ သို့ဖြစ်၍ ထိုကိစ္စများအတွက် အမှန်တကယ်တာဝန်မကင်းသူများမှာ ယခုဆန္ဒပြနေသူများကိုယ်တိုင်နှင့် ၎င်းတို့၏ပြည်တွင်း၊ ပြည်ပဆရာကြီးများ သာဖြစ်ကြောင်း၊ ထိုသူများက အမှန်ကိုဖုံးကွယ်၍ ပြည်သူများ အထင်အမြင်လွဲပြီး ပြဿနာပေါ်အောင်၊ ဆူပူလှုပ်ရှားမှုဖြစ်အောင် သွေးထိုးဖန်တီးနေကြခြင်းသာဖြစ်ကြောင်း၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် အတ္တကြီးမားသူများသာဖြစ်ကြောင်း၊ ထိုသူများကို ထိထိရောက်ရောက် အရေးယူသင့်ကြောင်းဖြင့်လည်း ပြောဆိုဝေဖန်လျက်ရှိကြောင်းကြားသိရသည်။**

ထို့ပြင် အချို့ပြည်သူများကလည်း မိမိတို့နိုင်ငံတွင် ထိုသို့သောအခက်အခဲများရှိသည်မှာမှန်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများ တည်ဆောက်ရရှိထားပြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို မြင်တွေ့နေရပြီဖြစ်ကြောင်း၊ ယခုကဲ့သို့အချိန်မျိုးတွင် တည်ငြိမ်မှု၊ အေးချမ်းသာယာမှုပျက်ပြားပြီး ဆူပူမှုများပေါ် ပေါက်လာပါက ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများပျက်ပြားသွားနိုင်ကြောင်း၊ သို့ဖြစ်၍ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်လုပ်ဆောင်မှုနှင့် ဆူပူမှုဖြစ်ပွားအောင် စေ့ဆော်မှုများကို မလိုလားကြောင်း၊ ထိုသို့မလိုလားသဖြင့် ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာသူရွာသားများက ၎င်းတို့ရွာကို ဝင်ရောက်သွေးထိုးလာသော အဖျက်အမှောင့်သမားများကို အော်ဟစ်ပြောဆိုရိုက်နှက်၍ ၎င်းတို့ကျေးရွာမှမောင်းထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့နယ်မြေဒေသသို့ အလားတူဝင်ရောက်ပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြား အောင်နှင့်ဆူပူမှုများဖြစ်ပွားအောင် ဖန်တီးလာပါက ထိုအဖျက်အမှောင့်သမားများကို အုတ်ပုံရွာသူရွာသားများကဲ့သို့ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ **ထိုသို့ ဆောင်ရွက်မှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေအရအရေးယူမှုများ ရှိနိုင် သော်လည်း မိမိတို့အနေဖြင့်မိမိတို့ဒေသ တည်ငြိမ်အေးချမ်းမှုရှိအောင် ကာကွယ်တားဆီးမှုသာဖြစ်ခြင်း၊ ဒီမိုကရေစီသဘော အရအများစုကလက်မခံနိုင်သဖြင့် ဒီမိုကရေစီနှင့်အညီ တားဆီးကာကွယ်မှုသာဖြစ်ခြင်း၊ ဒီမိုကရေစီသဘောအရ အများစု၏ ဆန္ဒသဘောထားကိုအလေးထားရမည်ဖြစ်ခြင်း စသည်တို့ကြောင့် ထိုသို့ဆောင်ရွက်မှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီသဘောအရသာ သုံးသပ်ဆောင်ရွက်လိမ့်မည်ဟုယုံကြည်ကြောင်း**ဖြင့် ပြောဆိုလျက်ရှိကြကြောင်း လည်းသိရသည်။

ယခုအခါ ထိုသို့တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဆူပူမှုဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့သူများအား သက်ဆိုင်ရာကစစ်ဆေးမေးမြန်းလျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဆူပူမှုဖြစ်ပေါ်လာအောင် သွေးထိုးလုပ်ဆောင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဆုတ်ယုတ်ပျက်ပြားအောင်၊ နှောင့်နှေးအောင် လုပ်ဆောင်သူများကို တားဆီးတိုက်ဖျက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

➪ **လွတ်လပ်စွာကုန်သွယ်ခွင့်ရရှိရေး၊ အလုပ်လက်မဲ့ပပျောက်ရေး၊ အမျိုးကောင်း သားသမီးများ မပျက်စီးရေးဆိုသည့် သွေးထိုးချက်များနှင့်ပတ်သက်ပါကလည်း မိမိတို့နိုင်ငံအပေါ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမပြုလုပ်ရန် ပိတ်ဆို့နေသူမှာ ယခု ဆန္ဒပြနေသူများ နှင့် ၎င်းတို့၏ အနောက်ဆရာကြီးများသာဖြစ်။**

➪ **၎င်းတို့၏ ပိတ်ဆို့မှုကြောင့် အထည်ချုပ်စက်ရုံအများအပြား ရပ်သိမ်းသွားခဲ့ခြင်းတို့ကြောင့် ပြည်သူများ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရ။ ထိုသို့ အလုပ်လက်မဲ့ ဖြစ်ခဲ့ကြရသည့်အတွက်အချို့မိန်းကလေးများ ဘဝပျက်ရသည့်အခြေအနေသို့ရောက်ခဲ့ကြရ။**

➪ **သို့ဖြစ်၍ထိုကိစ္စများအတွက် အမှန်တကယ်တာဝန်မကင်းသူများမှာ ယခုဆန္ဒပြနေသူများ ကိုယ်တိုင် နှင့် ၎င်းတို့၏ပြည်တွင်း၊ ပြည်ပဆရာကြီးများသာဖြစ်။**

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဂုဏဝိသိဋ္ဌပူဇာပွဲ

ရန်ကုန် ဧပြီ ၂၂

နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသော ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုမနနှင့် ဝါးခယ်မမြို့ ရွှေသံလွင် ပရိယတ္တိစာသင်တိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကုသလ သာသနာ့ဓဇဓမ္မာစရိယ၊ သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ M.A (Buddhism)တို့အား ဂုဏဝိသိဋ္ဌ ပူဇော်ပွဲနှင့်အတူ ဝါးခယ်မမြို့နေ ဝါးခယ်မ အထက(၁)၊ (၂)နှင့် အလက(၁)၊ (၂)၊ အမကတို့မှ သက်ပြည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဝါးခယ်မမြို့နယ် အသင်းရုံးခွဲ(စာရေးကုန်း ဝါးခယ်မ)၌ ကျင်းပမည့်အပြင် ရန်ကုန်မြို့နေ ဗိုလ်ကြီးသန်းဌေး(ငြိမ်း)၊ ဒေါ်ဖြူဖြူ မိသားစုတို့က ဝါးခယ်မ မင်းပိုင်းအမကနှင့် ဝါးခယ်မမြို့နယ်အသင်း အကျိုးတော်ဆောင်အဖွဲ့(ဝါးခယ်မ)သို့ အလှူငွေများ လှူဒါန်းမည်ဖြစ်သည်။

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)တည်ရာ ရန်ကုန်မြို့ လသာမြို့နယ် စဉ့်အိုးတန်းလမ်း အမှတ်(၁၂) ပထမထပ်၌ မေ ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့နေ ဝါးခယ်မအထက(၁)၊ (၂)နှင့် အလက (၁)၊ (၂)၊ အမကတို့မှ သက်ပြည့်အငြိမ်းစားဆရာ၊ ဆရာမကြီးတို့အား အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ကန်တော့ခံဆရာ၊ ဆရာမကြီးများ မပျက်မကွက်ကြွရောက်ကြပါရန်နှင့် ကန်တော့ပွဲသို့ ငွေနှင့် ပစ္စည်းလှူဒါန်းလိုသူများ ရန်ကုန်မြို့ရှိ ဝါးခယ်မမြို့နယ် အသင်းတိုက် ဖုန်း-၂၂၆၅၉၀ သို့လည်းကောင်း၊ ဝါးခယ်မမြို့နယ် အသင်းရုံး(ခွဲ) ဖုန်း-၀၄၂-၆၀၁၅၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၇ (တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ အမေအိုရဲ့ဓမ္မအောင်လံ တရားတော် အပိုင်း(၂) (မဇ္ဈိမဂုဏ်ရည် ဆရာတော် အရှင်ကောဝိဒ)
- ၈း၀၅ ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူးခရီးသွားမှတ်တမ်း အပိုင်း(၂)
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၈း၄၀ တေးဂီတအစီအစဉ်
- ၈း၄၅ လောကကိုအလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
- ၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၅ ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (တေးသံရှင် ဘိုဖြူနှင့် တွေ့ဆုံခြင်း)
- ၉း၅၅ တေးဂီတအစီအစဉ်
- ၁၀း၀၀ ကမ်းခြေပိုတယ်တစ်ခု၏ ဗိသုကာအနုပညာ
- ၁၀း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၂၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
- ၁၀း၃၅ တေးဂီတအစီအစဉ်
- ၁၀း၄၀ စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ် (အုန်းစိမ်းနုကျောက်ကျော)
- ၁၀း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၀၀ မေတ္တာရိပ်ဖြာပန်းဝင်္ကပါ
- ၁၁း၂၀ ဒေသဖွံ့ဖြိုးတိုးတက်စေသည့် "ဒုဋ္ဌဝတီ"
- ၁၁း၃၀ မိုးလေဝသခန့်မှန်းချက်
- ၁၁း၃၅ တေးဂီတအစီအစဉ်
- ၁၁း၄၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ သောင်းပြောင်းထွေလာ ကျန်းမာရေးပြဿနာများ (အပိုင်း-၃) (ဒေါက်တာနိုက်တင်ဂေးနှင့် ဆွေးနွေးခန်း) (ညွှန့်သည်တော်ပိုင်သခ်ျပုလဲဝင်း)
- ၁၂း၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အကောင်းဆုံး တေးစီးရီး မိတ်ဆက်ပွဲ)
- ၁၂း၃၅ တေးဂီတအစီအစဉ်
- ၁၂း၄၀ အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အကြီးစားပြုပြင်မွမ်းမံရာတွင် လိုအပ်သောစက်အရန်ပစ္စည်းများကို ပြည်တွင်းဖြစ်များဖြင့်သာ အစားထိုးလဲလှယ်တပ်ဆင်နိုင်ရန် ကြိုးပမ်း ဝန်ထမ်းများ၏ ကျန်းမာရေး၊ လူမှုရေး၊ ဝန်ထမ်းသားသမီးများ ပညာရေးတို့ကို ပံ့ပိုးကူညီ

ရန်ကုန် ဧပြီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ ဂျီတီစီပုံနှိပ်စက်ရုံနှင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဂျီတီစီ ပုံနှိပ်စက်ရုံသို့ ရောက်ရှိလာရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးနှင့် အကြီးပေးပုဂ္ဂိုလ်များ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဂျီတီစီ ပုံနှိပ်စက်ရုံအတွင်းရှိ ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ သတ်မှတ်ရာနှုန်းပြည့် ရိုက်နှိပ်ပြီးစီးပြီဖြစ်၍ စက်များအား အကြီးစားပြင်ဆင်မွမ်းမံမှု ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းရှင်းနီးနီးနှုတ်ဆက်

ဝန်ကြီးသည် စက်ရုံအတွင်းရှိ သုံးဖက်ဖြတ် ဓားစက်၊ တစ်ဖက်ဖြတ် ဓားစက်များနှင့် စာဖောင်ဆွဲ ဘေးချုပ်စက်များကို လည်းကောင်း၊ Compacta 2Unit ပတ်လည်ပုံနှိပ်စက်မှ ဖြုတ်ချပြုပြင်မွမ်းမံထားသောစက်အစိတ်အပိုင်းများကိုလည်းကောင်း၊ အကြီးစားပြင်ဆင်မွမ်းမံမှုလုပ်ငန်း ဆောင်ရွက်နေသည့် ကွန်ပက်တာ ပတ်လည်ပုံနှိပ်စက်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြား၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးသည် ပုံနှိပ်စက်ရုံ သင်တန်းခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ ရောက်ရှိလာရာ စက်ရုံမှူး ဦးနိုင်အောင်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း စာအုပ်ချုပ်ခန်းရှိ အိုဆာကိုခွချုပ်စက်၊ ယိုရှီနို ဘေးချုပ်စက်နှင့် ကော်ကပ်စက်များကို လည်းကောင်း၊ ဗလာစာအုပ်ချုပ်ခန်းအတွင်းရှိ ဗလာစာအုပ်ချုပ်စက်များနှင့် ဓားဖြတ်စက်တို့ကိုလည်းကောင်း၊ ပုံနှိပ်စက်ခန်း(၁) အတွင်းရှိ တိုရီဘာ(၁)ပတ်လည်စက်မှ အကြီးစား ပြင်ဆင်မွမ်းမံရန် ဖြုတ်ချထားသော စက်အစိတ်အပိုင်းဆိုင်ရာပစ္စည်းများ၊ ကြံ့ခိုင်ရေးနှင့် သန့်ရှင်းရေး ပြုလုပ်ပြီး စက်အစိတ်အပိုင်းများ ပြန်လည် ပြုပြင်တပ်ဆင်နေမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုံနှိပ်စက်ခန်း(၂)အတွင်းရှိ တစ်ရွက်ချင်းရွက်ထိုးစက်(Solna-230)၊ စာအုပ်ချုပ်ခန်း(၁) အတွင်းရှိ Wohlenberg ဓားဖြတ်စက်များ၊ တိုရီဘာပတ်လည်စက်(၂)၊ ပန်းချီ-ပုံပြင်ခန်း(Arts & Layout Room)၊ ဓာတ်ပုံခန်း၊ ပုံကူးခန်း (Plate Making Room) အတွင်းရှိ ပုံဖော်စက်နှင့် ပုံကူးစက်များ၊ စာအုပ်ချုပ်ခန်း(၂)၊ စက်မှုလက်မှုခန်း၊ ဝန်ထမ်းများနားနေခန်းနှင့် ပလိတ်သွေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများနှင့် စက်ရုံမှူးတို့က လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ဝန်ကြီးက ပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားရာ ရှေးဦးစွာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးနှင့် အကြီးပေးပုဂ္ဂိုလ် ဦးကျော်သူတို့က ပုံနှိပ်လုပ်ငန်းသုံး စက်များ အကြီးစားပြင်ဆင်မွမ်းမံမှု၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် စက်စွမ်းအားပြည့် ရိုက်နှိပ်ဖြန့်ချိနေမှုတို့ကို လည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ(ငွေစာရင်း)ဒေါ်ယဉ်ယဉ်ရွှေက ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများအား အမှာစကားပြောကြားရာ၌ နိုင်ငံတော်က ဝန်ထမ်းများအတွက် နှစ်သစ်ကူး ရုံးပိတ်ရက် ၁၀ ရက် သတ်မှတ်ပေးထားသဖြင့် ယခုနှစ်သည် ဝန်ထမ်းများအတွက် ထူးခြားသော နှစ်သစ်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် နှစ်ဟောင်းက ချွတ်ယွင်းချက်၊ အားနည်းချက်များကို သင်္ကြန်ရေနှင့်အတူ ဆေးကြောသန့်စင်ပြီး၍ ယခုနှစ်တွင် လူသစ်၊ စိတ်သစ်၊ အားမာန်သစ်များဖြင့် နိုင်ငံတော်နှင့် လူမျိုးအကျိုး၊ ဌာနအကျိုးအတွက် ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ကြစေရန် မိမိလာရောက် တွေ့ဆုံအားပေးခြင်းဖြစ်ကြောင်း။

မိမိတို့ဌာနအတွင်းရှိ ကိုင်တွယ်အသုံးပြုနေရသည့် စက်များသည် တန်ဖိုးကြီးမားသော်လည်း နှစ်ပေါင်းကြာမြင့်ပြီဖြစ်၍ ချွတ်ယွင်းမှုများဖြစ်ပေါ်လာကြောင်း၊ သို့ရာတွင် ဝန်ထမ်းများ၏ လုပ်ငန်းအပေါ် စေတနာထားမှု၊ သံယောဇဉ်ရှိမှု၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် စီမံကိန်းရည်မှန်းချက်များပြည့်မီအောင်၊ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်သည်ကို တွေ့မြင်ရကြောင်း။

မိမိတို့၏ ပုံနှိပ်စက်များကို ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များကို အချိန်မီ ရိုက်နှိပ်ပြီးစီးပြီဖြစ်၍ ယခုလို အကြီးစားပြင်ဆင်မွမ်းမံရာတွင် အရည်အသွေးကောင်းအောင်၊ ရေရှည်အသုံးပြုနိုင်အောင်၊ စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း ကြပ်မတ်စစ်ဆေး၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးရန် လိုကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အောင်ဆန်းဂျီတီစီ ပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်များကို ကိုင်တွယ် အသုံးပြုသည့် ဝန်ထမ်းများကလည်း ဂရုတစိုက် အသုံးပြု ထိန်းသိမ်းကြရန် လိုကြောင်း၊ စက်ခန်း၌အသွင်သဏ္ဌာန်၊ စက်ရုံ၏ အသွင်သဏ္ဌာန်နှင့် ဝန်ထမ်းအိမ်ရာများ၏ အသွင်သဏ္ဌာန်များကို ယခုထက် ပိုကောင်းအောင် ဆောင်ရွက်ကြစေလိုကြောင်း။

အသွင်သဏ္ဌာန်ကောင်းမှ အနှစ်သာရကောင်းမည်ဖြစ်ကြောင်း၊ စက်ရုံ၏ အသွင်သဏ္ဌာန်နှင့် ဝန်ထမ်း၏စိတ်ပိုင်းဆိုင်ရာတို့ ဆက်စပ်နေကြောင်း။

ပုံနှိပ်စက်များကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ရာတွင် အပေါ်ယံကောင်းမွန်ပြီး စက်လည်ပတ်နိုင်သည့်အဆင့်အထိ ပြင်ဆင်မွမ်းမံသည်မဟုတ်ဘဲ ရေရှည် အပျက်အစီးနည်း၍ စက်စွမ်းအားပြည့် လည်ပတ်နိုင်သည်အထိ စက်အတွင်းပိုင်းများကို ဂရုတစိုက် ပြင်ဆင်ရန် အရေးကြီးကြောင်း။

အကြီးစား ပြုပြင်မွမ်းမံရာတွင် လိုအပ်သော စက်အရန်ပစ္စည်းများကို ပြည်တွင်းဖြစ် စက်အရန်ပစ္စည်းများဖြင့်သာ အစားထိုးလဲလှယ်တပ်ဆင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းဌာနတူ အချင်းချင်း ပူးပေါင်းညှိနှိုင်း၍ စက်တစ်ခုချင်းစီ၏ လိုအပ်သောပစ္စည်းများ၊ စက်အစိတ်အပိုင်း နမူနာများကို တစ်နေရာတည်းတွင် ခင်းကျင်းစုစည်း၍ စက်မှုလုပ်ငန်းရှင်များအား ခေါ်ယူပြသညှိနှိုင်းကာ တီထွင်ထုတ်လုပ်တပ်ဆင်အသုံးပြုနိုင်ခြင်းဖြင့် နိုင်ငံခြားငွေ ကုန်ကျမှုသက်သာ၍ ခြိုးခြံချွေတာနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ပံ့ပိုးကူညီ

စက်ရုံမှူးများကလည်း ဝန်ထမ်းများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် ဝန်ထမ်းသားသမီးများ၏ ပညာရေးကိုလည်း လိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက် ပေးကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးအတွက် သက်ဆိုင်ရာ အရာရှိများကို ခန့်ထားတာဝန်ပေးအပ်ပြီး စက်ရုံဝင်းအတွင်း၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ယခုထက် ပိုမို တိုးချဲ့လုပ်ဆောင်ကြစေလိုကြောင်း။

ယခုအခါ ပူပြင်းခြောက်သွေ့သော ရာသီသို့ ရောက်ရှိနေပြီဖြစ်၍ မီးအန္တရာယ် ကြိုတင်ကာကွယ် တားဆီးရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန်နှင့် တာဝန်ရှိသူ အဆင့်ဆင့်တို့က ကြပ်မတ်ကွပ်ကဲကြရန်၊ စက်ရုံဝင်းအတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုံးခွဲသို့ ရောက်ရှိကြပြီး Optical Recording Room ရှိ ပြည်ပမှ မှာယူထားသော ဒစ်ဂျစ်တယ်စတီရီယို အသံကူးပြောင်းစက်၏ စက်ပစ္စည်းအစိတ်အပိုင်းတချို့ ရောက်ရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ Color Processing Room ရှိ အာရီဆေးရောင်စုံ ပေါ့စတစ် ဖလင်နှင့် နဂ္ဂတစ်ဖလင် ဆေးစိမ်စက် များ၊ Analyzer Room ရှိ အရောင် ညှိ-အရောင်ခွဲစက်၊ Printer Room ရှိ ရောင်စုံဖလင်ကားကူးစက်နှင့် Black & White Processing Room ရှိအဖြူ၊အမည်းဖလင်ဆေးစိမ်စက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လုပ်ငန်းအတွက် လိုအပ်သောစက်ပစ္စည်းများကို မှာယူတင်သွင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် စက်သစ်များဖြစ်ရေး၊ ခေတ်မီစက်ပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို နားလည်တတ်ကျွမ်းအောင်လေ့လာ၍ ဂရုတစိုက် ထိန်းသိမ်းကိုင်တွယ် အသုံးပြုရေး၊ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲအတွင်းရှိ စက်ခန်းများ၊ ရုံးခန်းများနှင့် ဝန်ထမ်းအိမ်ရာများ မီးဘေးအန္တရာယ် မဖြစ်ပေါ်ရေးအတွက် စီမံချက်များ ထားရှိဆောင်ရွက်ရေး၊ ဝန်ထမ်း သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် ရုံးဝန်းကျင် သန့်ရှင်းသာယာလှပရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဗဟန်းမြို့နယ် အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးချုပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်း၌ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ ၁နာရီတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုံးချုပ်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ (၃၈)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့် အငြိမ်းစားယူခဲ့သည့် အထက်တန်းပြဆရာ ဦးမင်းဇော်အား ဂုဏ်ပြုပွဲတွင် တပည့် ကျောင်းသားကျောင်းသူဟောင်းများက ကန်တော့လက်ဆောင်ပစ္စည်း ပေးအပ်ကြစဉ်။

(ပညာရေး)



(၃၃)နှစ်ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးစိုးမြင့် (ဒု-ဌာနမှူး၊ငြိမ်း)နှင့် ချစ်မေမေ ဒေါ်ငြိမ်းငြိမ်းဝင်း (ဒု-ဌာနမှူး၊ငြိမ်း) (ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ) တို့၏ ၂၃-၄-၂၀၀၇ နေ့တွင် ကျရောက်သည့် (၃၃)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သား၊ သမီး၊ ချစ်မြေးများနှင့်အတူ အေးချမ်းသာယာ၊ ပျော်ရွှင်ပြည့်စုံသော ဘဝခရီးကို အတူတကွလျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်......။

ချစ်သားကြီး – ဦးရဲသူရစိုး-ဒေါ်ခင်သီတာဦး
ချစ်သမီးလတ် – ဦးဆန်းမင်း-ဒေါ်အေးသီတာစိုး
ချစ်သားငယ် – ဗိုလ်ဟိန်းလတ်အောင်
ချစ်မြေးများ – ဟန်နီသူရ၊ ကြယ်စင်သူရ

နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာဆုတောင်း

Daddy Saya Bertram Si Oo(a)U B Myint Swe -Mummy Sayama Daw Rosie တို့၏ ၂၂-၄-၂၀၀၇နေ့တွင် ကျရောက်ခဲ့သည့် လက်ထပ်မင်္ဂလာနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် ဘုရားသခင်ထံမှ ခံစားရသော ကျေးဇူးတော်များအတွက် ကျေးဇူးတင် မဏ္ဍား(၅၀) ဟောပေးသော ဖာသာရ်အပါး (၅၀)၊ ဝိုင်းဝန်းဆုတောင်းပေးသော ဘရာသာရ်၊ စစ္စတာရ်များနှင့် ကက်သလစ်ဘာသာသူ အသိမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

ချစ်သားသမီးနှင့်မြေးများ ရန်ကုန်မြို့။

ချစ်သားသမီးများ

၁။ Ivan ဝင်းနိုင်ဦး
၂။ Marie ခင်စီဦး
၃။ Kevin ဘုန်းနိုင်ဦး
၄။ Lucy တင်မေဦး
၅။ Helen နှင်းနွယ်ဦး
၆။ Martin သန်းထိုက်ဦး
၇။ Christopher အေးနိုင်ဦး
၈။ Ronald အောင်နိုင်ဦး
၉။ Patrick မျိုးနိုင်ဦး
၁၀။ Patricia ထားနွယ်ဦး
၁၁။ Sandra သက်နွယ်ဦး

ချစ်မြေးများ

၁။ Theresa ထက်ထက်လှိုင်
၂။ John ချမ်းငြိမ်းဇော်
၃။ Willam မင်းရဲသော်
၄။ Cynthia ချမ်းမြေ့မော်
၅။ Rose ခင်ဆင့်ဆင့်ဦး
၆။ Mary Ann မေဘုန်းသစ်
၇။ Julia မေခက်ပန်
၈။ Joseph ကျော်ထက်ပန်
၉။ David ကျော်ဇင်
၁၀။ Richard ထက်အောင်
၁၁။ Robert ထက်မြက်
၁၂။ Fidelis စုမြတ်နိုးဦး
၁၃။ Josephine
၁၄။ James သော်ဟိန်းထွန်း
၁၅။ Ann Mary ထက်ရတီဝင်း
၁၆။ Marina

အင်တာနက်အားကစားသတင်းများ

ချယ်လ်ဆီးနှင့် နယူးကာဆယ် ဂိုးမရှိသရေကျ

လန်ဒန် ဧပြီ ၂၂

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာတွင် ချယ်လ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ ဂိုးမရှိ သရေကျခဲ့ကြသည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် အမှတ်အများဆုံး ရရှိထားသော မန်ချက်စတာယူနိုက်တက်အသင်းနှင့် အမှတ်ကွာဟချက် လျှော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိသော်လည်း ယခုပွဲတွင် သရေကျခဲ့ခြင်းကြောင့် အားလျော့ခဲ့ရသည်။

ဖရန့်လမ်းပတ်၊ ဆော်လ်မွန်ကာလူးနှင့် ဂျိုကိုးလ်တို့က ဂိုးသွင်းနိုင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း ဂိုးမရရှိခဲ့ပေ။

ယင်းပွဲတွင် နယူးကာဆယ်မှ ကီရွန်ဒိုင်ယာ၏ ဂိုးသွင်းမှုကို ချယ်လ်ဆီးဂိုးသမား ကာကွယ်နိုင်ခဲ့သည်။

အင်တာနက်

ချန်ပီယံဆုဖလားရရှိရေး ယှဉ်ပြိုင်မှု ပိုမိုပြင်းထန်လာ

လန်ဒန် ဧပြီ ၂၂

စနေနေ့က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် မစ်ဒယ်ဘာရော့အသင်းနှင့် မန်ချက်စတာ ယူနိုက်တက်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ခြင်းဖြင့် ချန်ပီယံဆုဖလားရရှိရေး ယှဉ်ပြိုင်မှုများ ပိုမိုပြင်းထန်လာကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အင်တာနက်

ဘောလုံးညွှန်ကြားရေးမှူးကို အာဆင်ဝင်းဂါး ရွေးချယ်ပေးမည်

လန်ဒန် ဧပြီ ၂၂

မိမိသည် အာဆင်နယ်အသင်း၏ ဘောလုံးညွှန်ကြားရေးမှူးရာထူးကိုရယူမည့် ပုဂ္ဂိုလ်အား စိတ်တိုင်းကျ ရွေးချယ်သွားမည်ဖြစ်ကြောင်း ယင်းအသင်း၏မန်နေဂျာ အာဆင်ဝင်းဂါးက ယနေ့ ပြောကြားသည်။ အာဆင်နယ်အသင်း၏ ဘောလုံး ညွှန်ကြားရေးမှူး ဒေးဗစ်ဒီယန်သည် လွန်ခဲ့သည့် ရက်သတ္တပတ်က ရာထူးမှနုတ်ထွက်သွားခဲ့သည်။ ဒီယန်သည် အာဆင်နယ်အသင်း၏ ဒုတိယ ဥက္ကဋ္ဌဟောင်းလည်း ဖြစ်သည်။

အင်တာနက်

ချယ်လ်ဆီးသို့ ပြန်သွားရန် ခရက်စပို ဆန္ဒမရှိဟုဆို

လန်ဒန် ဧပြီ ၂၂

မိမိသည် ချယ်လ်ဆီးအသင်းသို့ ပြန်သွားရန်ဆန္ဒမရှိကြောင်း၊ စီးရီးအေဘောလုံးပြိုင်ပွဲတွင်သာ ကစားလိုကြောင်း အီတလီတွင် ဘောလုံးကစားနေသူ ဟာနန်ခရက်စပိုက ယနေ့ ထုတ်ဖော်ပြောကြားသည်။ အာဂျင်တီးနားလူမျိုး တိုက်စစ်မှူး ခရက်စပိုသည် လွန်ခဲ့သည့်နွေရာသီက အီတလီရှိ အင်တာနေရှင်နယ်မီလန်နို (အင်တာမီလန်)အသင်းသို့ ရောက်ရှိလာခဲ့သည်။

ပရီမီယာလိဂ်ပြိုင်ပွဲဝင် ချယ်လ်ဆီးအသင်းသည် ၂၀၀၆ခုနှစ် ဩဂုတ် ၇ရက်တွင် သက်တမ်းနှစ်နှစ်ရှိ အငှားချစာချုပ်အရ ခရက်စပိုအား အီတလီအသင်းသို့ ငှားရမ်းခဲ့သည်။ အငှားချစာချုပ် သဘောတူညီချက်အရ ဘောလုံးရာသီ တစ်ရာသီကုန်ဆုံးချိန်တွင် ခရက်စပိုအား ပြန်လည်ခေါ်ယူခွင့်ရှိသည်။ ချယ်လ်ဆီးအသင်းမန်နေဂျာ ဟိုဆေးမော်ရင်ဟိုသည် ခရက်စပိုအား ပြန်လည်ခေါ်ယူရန် လိုလားသည်။ အေစီမီလန်အသင်း တိုက်စစ်မှူးဟောင်း ခရက်စပိုသည် ပရီမီယာလိဂ်ဘောလုံးပွဲ ၃၃ပွဲတွင် ဂိုးပေါင်း ၂၀ အထိ သွင်းပေးနိုင်ခဲ့သည်။

အင်တာနက်

ပါပါး ဦးသန်းလွင်နှင့် မာမား Dr. ရွှေဝါတို့အတွက် မင်္ဂလာဆုတောင်း

မင်္ဂလာကျောက်တိုင်စိုက်ထူခဲ့တာ ဒီနေ့မှာ ၂၁ နှစ်ပြည့်ခဲ့ပြီ။ နောင်နှစ်များစွာ ကြာသည့်တိုင်အောင် သမီးနှစ်ယောက်နဲ့အတူ လက်တွဲမဖြုတ်ဘဲ ပျော်ရွှင်စွာနဲ့ လျှောက်လှမ်းနိုင်ပါစေ။

သမီးကြီး – ခင်သူဇာ(ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ဓာတ်ခွဲ)
သမီးငယ် – ခင်မွန်ကျော် (X-B, TTC)

မွေးနေ့မင်္ဂလာဆုမွန်

အတာသင်္ကြန် လွန်မြောက်လို့ မြန်မာနှစ်သစ်ဦးရဲ့ ဧပြီ ၂၃ ရက်နေ့မှာ ကျရောက်တဲ့ ဌေးရဲ့ မွေးနေ့မင်္ဂလာရက်မြတ်မှာ နှစ်သစ်ဦးနှင့်အတူ အေးချမ်းမှုအပေါင်းနှင့် ပြည့်စုံပါစေ။

အောင်တို့ရဲ့မိသားစုနှင့်အတူ နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပါစေ။

ချစ်ခင်ပွန်း – အောင်
ချစ်သောသားများ – ပိုင်၊ ဦး၊ အဲ၊ ယမ်ယမ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး

ရက်စွဲ-၂၀၀၇ ခုနှစ် ဧပြီလ-ရက်

တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန လက်အောက်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှော်ကား)တွင် တည်ဆောက်မည့် (၅) ခန်းတွဲ (၃)ထပ် စာသင်ဆောင်၁လုံးနှင့် (၆)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ၂လုံး ဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါများတင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (BQ) နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာနည်းပညာ တက္ကသိုလ်မှ အကူအညီရယူနိုင်သည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါ တင်သွင်းသူမှ လိုက်နာရန်အချက်အလက်များကို အောက်ပါလိပ်စာများမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

(က) ပါမောက္ခချုပ်
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ရန်ကုန်မြို့။
ဖုန်း-၀၁-၆၆၄၂၅၀၊ ၆၁၀၆၅၅

(ခ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ရုံးအမှတ်(၂၁)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၀၀၃၊ ၄၀၄၄၅၆

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ယာဉ်အမှတ်(ပ/၂၅၁၉) ဆန်နီမော်တော်ကားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ သံသုမာလမ်း၊ ဇီဇဝါအိမ်ရာ၊ အမှတ်(၂/၃၀၄) နေ ဒေါ်သိင်္ဂီစိုးသိမ်း (YHE 000621) အမည်ပေါက် ပိုင်ဆိုင်သော ယာဉ်အမှတ် (ပ/၂၅၁၉) ဆန်နီမော်တော်ကားအား ဒေါ်သိင်္ဂီစိုးသိမ်းကိုယ်တိုင် ပါဝင်ပတ်သက် ရောင်းချခြင်းမရှိဘဲ အခြားမည်သူတစ်ဦး တစ်ယောက်ကမျှ တစ်ဆင့်လွှဲပြောင်း၊ ရောင်းဝယ်၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

၎င်းမော်တော်ယာဉ် လက်ဝယ်ရှိသူအနေဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ဖြေရှင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သိင်္ဂီစိုးသိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းဌေးကို (LL.B., D. B.L)
(စဥ်-၂၅၅၈၉)
အထက်တန်းရှေ့နေ

ပင်းတယ အထက ရွှေရတုပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဌာနဆိုင်ရာများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့အတွက် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ စေတနာရှင်များက အကြံဉာဏ်များ၊ ရန်ပုံငွေများထောက်ပံ့ကူညီလှူဒါန်းနိုင်ကြကြောင်း၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများမှ တစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်းဖြင့် နှိုးဆော်ထားသည်။

ထို့အပြင် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်း၊ ပြက္ခဒိန်ထုတ်ဝေရေးအတွက် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးစာညွှန့်ရတု စသည့် စာမူများကို ဇွန် ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ပေးနိုင်ပါရန် တောင်းခံထားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) မော်လမြိုင်တက္ကသိုလ်

ပါရဂူ (Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ မော်လမြိုင်တက္ကသိုလ်တွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အင်္ဂလိပ်စာ အထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ ပါရဂူဘွဲ့ (Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါ အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(ဃ) ၂၀၀၇ခုနှစ် ဇွန်လ (၁)ရက်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။ အခြားဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ (သို့မဟုတ်)ယင်းနှင့် အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။ ပညာရေးဝန်ကြီးဌာနတွင် ပညာရေးဝန်ထမ်းဖြစ်သော်လည်း ဆရာ၊ ဆရာမ မဟုတ်ပါက သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူ(သို့မဟုတ်) ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက် အကျိုးပြုနိုင်ကြောင်း ဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသော နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည်။
(စ) ပါရဂူဘွဲ့ အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ် တက်နိုင်သူဖြစ်ရမည်။

၃။ မော်လမြိုင်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၈-၅-၂၀၀၇ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မော်လမြိုင်တက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D)သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုရမည်-

(က) ၁၀-၅-၂၀၀၇ (ကြာသပတေးနေ့) ၀၉:၀၀နာရီမှ ၁၂:၀၀နာရီ သက်ဆိုင်ရာဘာသာရပ်
(ခ) ၁၀-၅-၂၀၀၇ (ကြာသပတေးနေ့) ၁၃:၀၀နာရီမှ ၁၆:၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေ စာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၁၄-၅-၂၀၀၇ရက်နေ့(တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း ဖုန်းနံပါတ် ၀၅၇-၂၄၆၁၇/၀၅၇-၂၄၆၃၇ ထံတွင်လည်းကောင်း စုံစမ်းနိုင်သည်။

မော်ကွန်းထိန်း
မော်လမြိုင်တက္ကသိုလ်

ရှမ်းမောမြေကုမ္ပဏီဖွင့်ပွဲနှင့် ဂုဏ်ပြုချီးမြှင့်ပွဲ

မြန်မာပြည်အနှံ့ လက်တွေ့အောင်မြင်မှုရရှိပြီးသော ရှမ်းမောမြေကုမ္ပဏီဖွင့်ပွဲနှင့် အောင်မြင်သူများ (Pole Star)အထက် (ဖေဖော်ဝါရီလအထိ) ဂုဏ်ပြုချီးမြှင့်ပွဲကို ဖျော်ဖြေပွဲအစီအစဉ်များနှင့်အတူ ခမ်းခမ်းနားနား ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရှမ်းမောမြေ အဖွဲ့ဝင်များအားလုံးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်အားပေးချီးမြှင့်နိုင်ပါသည်။ တက်ရောက်ခွင့်လက်မှတ် တစ်စောင် [ကျပ်၁၅၀၀+မိမိနှင့်အတူ (၁)ဦး] တက်ရောက်ခွင့်ပြုပါသည်။ ကုမ္ပဏီရုံးနှင့် အထက်လိုင်း အဆင့်ဆင့်တို့တွင် ကြိုတင်ဝယ်ယူနိုင်ပါသည်။

ကျင်းပမည့် နေ့ရက် – ၂၈-၄-၂၀၀၇
ကျင်းပမည့် နေရာ – အမျိုးသားဇာတ်ရုံ၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း
ကျင်းပမည့် အချိန် – မွန်းလွဲ(၁)နာရီတိတိ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်-ကျွန်မတို့၏ သမီး မအေးသူဇာလွင်(ခ)ဂျူးဂျူး [၁၂/မဂတ(နိုင်)၀၈၀၇၅၃]သည် မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးအေးမောင် [၁၂/မဂတ(နိုင်)၀၃၁၀၄၄]
ဒေါ်ချိုနှင်းလွင် [၁၂/မဂတ(နိုင်)၀၃၁၀၄၃]
အမှတ်(၁၂၂)၊ (၁၀၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်

ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၄-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင် ချစ်နိုင် (စိတ်ပညာ)၏ **"စည်းကမ်းရှိမှ"** ဆောင်းပါးတွင် ဖော်ပြပါရှိသော (Transprancy) အစား(Transparancy) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

(ဆောင်းပါးရှင်)

ထူးခြားသည့်နေ့အပူချိန်များ

၂၂-၄-၂၀၀၇

သာယာဝတီ
၄၃ ဒီဂရီစင်တီဂရိတ်
(၁၀၉ ဒီဂရီဖာရင်ဟိုက်)

ချောက်နှင့်မကွေး
၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်
၄၀ ဒီဂရီစင်တီဂရိတ်
(၁၀၅ ဒီဂရီဖာရင်ဟိုက်)

ကားရောင်းမည်

CANDA(၁၀ပေ)95 MODEL
ကားသန့် HIACE(Comuter)
၉က/ 95 MODEL ခုံ(၄)တန်း
TOWNACE ၈က/ 91 MODEL
ပွဲစားမလို HP- 095182855

မျိုးနိုင်စိုး(၅၁၉၁၁၄)၏နိုင်ငံကူး လက်မှတ်သည် ချောင်းဝမှ ဗိုလ်တထောင် အလားလမ်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမှတ်(၉၀)၊ ၄၈ လမ်း၊ ဗိုလ်တထောင်သို့ ဖုန်း-၆၃၉၀၃၂/၃၃ သို့ ဆက်သွယ်ပေးပို့ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
မျိုးနိုင်စိုး

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏နိုင်ငံသားစိစစ်ရေးကတ်နှင့် ယာဉ်မောင်းလိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဦးဇော်လင်းနိုင်(ပုဇွန်တောင်)
ဖုန်း-၀၁-၂၉၆၈၃၀၊ ၀၁-၂၂၄၆၉၉

သမီးနှင့်သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ဓမ္မဝိဟာရလမ်း၊ အမှတ်(၅၁)နေ ကျွန်တော်၏သမီး မရတနာညီညီ [၁၂/တမန(နိုင်) ၁၁၃၂၂၇]နှင့် သားဖြစ်သူမောင်ပြည့်စုံညီညီ [၁၂/တမန(နိုင်) ၁၁၄၄၆၈] မောင်နှမနှစ်ဦးသည် ဖခင်အပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ဖခင်၏ ဆုံးမညွှန်ကြားမှုကို လိုက်နာခြင်းမရှိသည့်အတွက် သမီးနှင့်သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း၊ မရတနာညီညီနှင့် မောင်ပြည့်စုံညီညီတို့၏ ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)
ဖခင်-ဦးညီညီသိန်း

ကွာရှင်းပြီးစီးခြင်း

ကျွန်တော် ဦးတင်မောင်အေး [၆/မအရ (နိုင်) ၀၀၅၃၄၂] နှင့် ကျွန်မ ဒေါ်ခင်ဌေးကြွယ် [၁၂/ရကန(နိုင်) ၀၁၄၅၃၉] တို့သည် ၁၁-၄-၂၀၀၇ ရက်နေ့တွင် ကလေးသူငယ် တရားသူကြီး ရှေ့၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။
ဦးတင်မောင်အေး
[၆/မအရ(နိုင်)၀၀၅၃၄၂]

မီးဘေးရှောင် မလောင်ခင်တား

မြတ်ဗုဒ္ဓ အလိုတော်ကျ ရှင်ပြုအလှူတော်

ထေရဝါဒ ဗုဒ္ဓသာသနာဝင် အပေါင်းတို့အား အသိပေး ဖိတ်ခေါ်အပ်ပါသည်။

သန့်-တည်-ပွား ထေရဝါဒ ဗုဒ္ဓသာသနာပြုအဖွဲ့ မှ ဆရာဦးမြင့်လွင် (သန့်-တည်-ပွား) နှင့် ယောဂီများ စုပေါင်းလှူဒါန်းသော မြတ်ဗုဒ္ဓ အလိုတော်ကျ ရှင်ပြုအလှူတော်မင်္ဂလာကို **(၇-၅-၂၀၀၇)** ရက်နေ့တွင် ကျင်းပမည် ဖြစ်ပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးနှင့် အလှူတော်တွင် ပါဝင်သူအားလုံး **ကုသိုလ်အကျိုးတရား ပွားများ ရရှိစေရန်** ရည်သန်၍ ဘုရားရှင်ကိုယ်တိုင် ဟောကြား ဆုံးမခဲ့သော **ရှင်ကျင့်ဝတ် (ဝိနည်း)** များကို ရှင်သာမဏေ **မဝတ်မီ ကြိုတင်သင်ကြား လေ့ကျင့်ပေးမည်** ဖြစ်ပါသည်။

ရှင်သာမဏေ ဝတ်လိုသော ၈-တန်း၊ ၉-တန်း၊ ၁၀-တန်း **(အသက် ၁၃-နှစ် မှ ၁၇-နှစ်)** အတွင်းရှိ လူငယ်များ (မည်သူမဆို) အား လေးစားစွာ ဖိတ်ခေါ်ပါသည်။ (ရှင်သာမဏေဝတ်လိုသူ လူငယ်များသည် အလှူတော်အတွက် ငွေကြေး တစ်ပြားတစ်ချပ်မျှ ပါဝင်လှူဒါန်းရန် မလိုပါ။)

စိတ်ဝင်စားသူ ကျောင်းသား၊ ကျောင်းသူများသည် **မိဘအုပ်ထိန်းသူနှင့် အတူ (၂၇-၄-၂၀၀၇) ရက်နေ့ ညနေ (၄း၀၀) နာရီ** နောက်ဆုံးထား၍ အောက်ပါ လိပ်စာသို့ ဆက်သွယ်သတင်းပို့ စုံစမ်းနိုင်ပါသည်။

ရှင်ကျင့်ဝတ်သင်တန်းကို **(၃၀-၄-၂၀၀၇)** ရက်နေ့မှစ၍ **(နေ့စဉ်) - မွန်းလွဲ (၁)နာရီမှ (၅) နာရီအထိ** သင်ကြားမည်ဖြစ်ပါသည်။(လှူဒါန်းရေကန်သတ်မှုရှိပါသည်။)

မြင့်မြတ်အလင်းဓမ္မာရုံ (NOBLE LIGHT)
၃၂-စီ/၂၊ ရိပ်သာလမ်း၊ ၆-မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း (၀၁-၅၃၅၃၂၆)

Opportunity to meet Korean Business Partners

The Trade Mission from Ulsan-Yangsan City in Korea will be visiting Myanmar to seek partners for the following products.

1)Engines and Spare Parts for Ship Turbo Charger(Rotoshaft & Turbine Blades, compressor wheels and bearing), Stores for engine parts, Engine Room and Deck Machineries 2)Press Dies and Mold for Proto Type Cars (Resin,Zas,Steel), Wooden Pattern/Various Kinds of Jigs and Checking Fixtures, Press Die & Molds Try-Out 3)Injection Mold, Blow Mold and Foaming Tools for Automobile Parts (Console, Quarter panel, Door panel, Bumper, Radiator Grille, Air Duct, Front Deck..etc) 4)Drilling Rigs, Roof Piling Machine, Power Hammer, Auger Hammer/ Tricone Bit, Booster/Mud Pump, Drill Rod, Multi Hammer 5) Laser Welding & Cutting system,Arc welding system, Inspection system, Transfer system used in welding, Cutting, Inspection and AGV for Automotive, Railroad, Heavy Industry, Shipbuilding and Construction 6)Robotics for different manufacturing sectors 7)Bottom Plate Kit Assembly of Excavator (Air conditional, RCV lever, Wheel, Seat base, Console box and pedal) Over Head Guard for Forklift Truck (Mirror, Headlamp, Seat-base) 8)Different Kinds of plasters for (Medical, First Aid, Classical and Advance dressing) 9)Powder Metallurgy Technology (Parts used in Air condition/ Radiator Blower/ Heater Blower, Gear Motor parts) 10)Onshore/Off shore Fasteners (Hex Bolts, Thread bar, plug, nut & washer..etc), Machine items (Shaft of marine engine, Holding down bolts and nuts, Connection Rod Bolts and Nuts, Heating Bolts and Nuts, Plants item (Anchor sleeve and plate, ladder, fork, lifting bar, bracket, check plate) made of different metals 11) Multipurpose Fuel and oil refiners (Fuel saving device for engines used in fishing vessels (boats) and medium and large vehicle and heavy cars) 12) Different parts for escalators, Elevators, Moving walker (Drive shaft, Gear pump set, etc..) 13) Windlass, Mooring winch, Winch (cargo, topping, guy), Towing winch, Capstan, Special Marine Winch, Lift Boat Davit, Rescue Boat Davit, Provision Crane, Hose Handling Crane, Engine Room Crane, Fitting for Marine 14) Automobile, Agricultural, Industrial Machines and Hydraulic related parts.

Interested entrepreneurs are cordially invited to register related items for individual discussion **NOT** later than 04 May 2007.

Date : 11 May 2007 (Friday)
Venue : Ball Room, Traders Hotel
Time : will be providing when register
Commercial Section (KOTRA), Korean Embassy
Tel: 255 453~6 Fax: 255 457 Email: chonwe@kotraygn.com.mm

ပြည်ပအလုပ်အကိုင်ကြော်ငြာ

စားသောက်ဆိုင်ဝန်ထမ်း - Specialized Agency

မြန်မာ့မာန်ကုမ္ပဏီလီမိတက်နှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော **Maximum Services Employment Agency** မှ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန်အောက်ပါလုပ်သား များအလိုရှိသည်။

I. U& US SOLUTION SDN . BHD

၁. ကားမှတ်ဆေး နှင့် ကားပတ်တီး - 20 ဦး (နေစရိတ်ငြိမ်း)တစ်ရက် RM 21 ~ 28 ~ 38 + O.T
၂. ကားဘော်ဒီပြင် - 20 ဦး (နေစရိတ်ငြိမ်း)တစ်ရက် RM 21 ~ 28 ~ 38 + O.T
၃. ကားကြီး/ကားသေး စက်ပြင် (ဒီဇယ် ၊ ဓာတ်ဆီ) - 20 ဦး (နေစရိတ်ငြိမ်း)တစ်ရက် RM 21 ~ 28 ~ 38 + O.T

လိုအပ်ချက်။ ။ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်အထက်ရှိရမည် ။

- *ဝန်ဆောင်ခအပြည့်မဆွင်းနိုင်သူများ လည်း ဆက်သွယ်နိုင်ပါသည်။*
- Passport *မရှိသူများ လည်းလျှောက်ထားနိုင်ပါသည်။*
- *ကားဘော်ဒီပြင်၊ မှုတ်ဆေး ကျွမ်းကျင် များ အတွက် အထူး အစီအစဉ် ရှိပါသည်။*

ဆက်သွယ်ရန်လိပ်စာ

MAXIMUM SERVICES LIMITED.
မက်စီမမ် ဆားဗစ်(စ်) လီမိတက်
No .F 2-6 ၊ ပထမထပ်၊ (ဖဆပလရွှေ) အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Tel: (+95-1) 394949, 394950, 394951
MAXIMUM

MYANMAR HIP HOP FESTIVAL

J.me • ရဲလေး • Cyclone • On Track
ကြက်ဖ • ရသ
ရေဗက္ကာဝင်း • Bambino • နန်းဆုရတီစိုး
စန္ဒီမြင့်လွင် Deebeez • Witch
DJ Thaw Thaw

ဝင်ကြေး **3000 Ks**

နေရာ မြို့ရိပ်ညို ● နေ့ရက် **27 . 4 . 07 (Fri)** ● အချိန် **5 : 00 pm**
ကြိုတင်လက်မှတ်
မြို့ရိပ်ညို၊ KSL (FMI,DAGON), မနှင်း (09-5125670), UNCLE SAN(FMI,DAGON,YANKIN)
ဆိုင်ခန်းဖွင့်လုစ်ရောင်းချလိုသူများ 09 5010432, 573148 သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဦးအောင်ဝင်း

(ရွှေတံဆိပ်ဆုရှင် - လန်ဒန်)

LCCI သင်တန်းများ **June 16** (စနေနေ့)စမည်။
May 3 (Thurs) မှစ၍ ခုံနံပါတ်ယူထားနိုင်သည်။
အမှတ်(၂၉၀)၊တတိယထပ်၊ပန်းဆိုးတန်းလမ်း(အထက်)
ဖုန်း - ၃၇၁၇၄၁၊ ၃၉၁၁၀၂

- ပြည်တွင်း/ပြည်ပ အကူသူနာပြုလုပ်ကိုင်လိုသူများ
- မိသားစုကျန်းမာရေး စောင့်ရှောက်လိုသူများ
- ဆေးဝါးအကြောင်း အသေးစိတ် သိနားလည်လိုသူများ
- ကိုယ်ပိုင်ဆေးဆိုင်ဖွင့်လိုသူများအတွက်

အခုန်တက်တယ် ကျွမ်းကျင်တတ်မြောက်စေရမည့်

ထက်ကောင်း

အကူသူနာပြုသင်တန်း
ဆေးဝါးကျွမ်းကျင်မှုသင်တန်း

တနင်္လာနေ့မှ သောကြာနေ့ထိ (ကြားရက်တန်းခွဲ)
၄-၅-၀၇ ရက်နေ့စမည်။
- သူနာပြု(သုံးလ) - 7:30 - 9:30 a.m
- ဆေးဝါး(နှစ်လ) - 9:30 - 11:00 a.m

စနေ၊ တနင်္ဂနွေ တန်းခွဲ
၅-၅-၀၇ ရက်နေ့စမည်။
- သူနာပြု(သုံးလ) - 7:30 - 11:00 a.m
- ဆေးဝါး(နှစ်လ) - 12:00 - 3:30 p.m

ဘော်ဒါဆောင်ရှိသည်။

အမှတ် (၃၀၇)၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊
တာမွေယာယီဈေးအနီး၊ ဗလီထိပ်မှတ်တိုင်။ ဖုန်း - ၃၉၁၂၆၆

The VOICE Weekly

၂၀၀၇ ခုနှစ်၊ ဧပြီ (၂၃) ရက်၊ တနင်္လာနေ့၊ အတွဲ(၃)၊ အမှတ်(၂၈)

- ဘီဘီစီသတင်းဌာနမှ ဦးကျော်ဇံသာနှင့် အထူးအင်တာဗျူး၊
- မြန်မာဂီတပညာရှင်များကို ကင်းဘရစ်ချ်က ပညာသင်ဆုပေးရန်ရှိ၊
- ဗဟိုဘဏ်ဥက္ကဋ္ဌစမ်းသပ်ခန့်၊
- စိုက်ခင်းဟောင်းများ ပြန်လည်စိုက်ပျိုးမည့် ထိုင်းရော်ဘာကုမ္ပဏီ၊
- ဆေးလိပ်သောက်သုံးမှုကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းမည်၊
- Nokia ဟန်းဆက်များတွင် မြန်မာအက္ခရာပါဝင်လာမည်၊
- ဘော်ဒါဆောင်များ၏ အတွင်းရေး၊
- မြန်မာသရက်သီးတစ်လုံး ဒေါ်လာ ၃၀ ပေးဝယ်သောဈေးကွက်၊
- စင်ကာပူအလုပ်အကိုင်အတွက် ကြိုဖြည့်ရမည့်ကွက်လပ်များ၊
- ဝန်ဆောင်မှုများကို Online မှပေးမည့် Ruby Dragon Jade ဟိုတယ်၊
- အများပိုင်ကုမ္ပဏီများ၏ စည်းကမ်းဖောက်မှု၊
- အမျိုးသားနှင့်အမျိုးသမီးများအတွက် Super Foods၊
- လူ့အဖွဲ့အစည်းအတွက်အဖြေ၊
- တရုတ်၏ ခေတ်ပြောင်းတော်လှန်ရေးအချိုးအကွေ့၊
- ၃ နှစ်သားဝင်ပြိုင်မည့် ဆိုင်ကယ်စီးပြိုင်ပွဲ စသည့် လူမှုစီးပွားဆိုင်ရာ သတင်းထူးများ ....

ထွက်ပြီ

THREE FRIENDS CONSTRUCTION CO., LTD.

မြန်မာ့နှစ်သစ်ကူး ဘဒ္ဒါသမယတွင် ဆန်းသစ်သောဒီဇိုင်း၊ ကောင်းမွန်သောလက်ရာ၊ ကျွမ်းကျင်သောဝန်ထမ်းတို့ဖြင့် ကိုယ်တိုင်ထုတ်လုပ်တင်သွင်း ရောင်းချသောပစ္စည်းများကို ဈေးနှုန်းအသာဆုံး ဘုံလူးရွှေ့ ဈေးနှုန်းများဖြင့် ဆောင်ရွက်ပေးနေပါပြီ။

❀ အိမ်အတွင်းအပြင်အလှဆင်ခြင်းလုပ်ငန်းများ

➢အခန်းဖွဲ့ခြင်း(ဂျပ်ဆင်ဘုတ်၊အုတ်၊ဂျပန် T&G Thaiply) ➢လျှာထိုးခင်းခြင်း၊
➢မျက်နှာကြက်အလှဆင်ခြင်း၊ ➢ပါကေးခင်းခြင်း၊ ➢ကြွေပြားကပ်ခြင်း၊ ➢ဆေးသုတ်ခြင်း၊ပေါလစ်တင်ခြင်း၊
➢လျှပ်စစ်လုပ်ငန်းများ၊ ➢ရေသွယ်တန်းခြင်း၊ ➢မှန်၊Composite၊အလူမီနီယံများဖြင့်အလှဆင်ခြင်း
➢Modern Furniture များပြုလုပ်အလှဆင်ပေးခြင်း(MDF, Ply, Chip, Teak)
➢စတီးလုပ်ငန်းများ(စတီးဖြင့်လက်ရန်း၊ပရိဘောဂများပြုလုပ်ခြင်း)
➢သံပန်းလုပ်ငန်းများ(သံပန်း၊သံတံခါး၊ဆန်းရိုက်) ➢Rollershutter (လိပ်တံခါး)
➢Architectural Design ရေးဆွဲပေးခြင်း၊....

❀ အိမ်အလှဆင်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း

➢ပလာစတာကောနစ်၊ပလာစတာဘုတ်၊ဂျပ်ဆင်ဘုတ်၊နံရံကပ် Wall Covering
➢အသင့်ခင်းလျှာထိုးပြား၊ ➢C-channel ၊ ➢L-Bar၊ ➢တံခါး ....

❀ အထပ်မြင့်နှင့်လုံးချင်းအိမ်များဆောက်လုပ်ခြင်း(PAE)

➢30' x 40' နှစ်ထပ် RC အဆောက်အအုံအတွက် (ပစ္စည်း+လက်ခ+ကြီးကြပ်ခ)
ခန့်မှန်းကုန်ကျစရိတ်မှာကျပ်သိန်း(၃၀၀)ကျော်ခန့်သာကုန်ကျပါမည်။

44A(1)၊ ကျိုက်တော်အိမ်ရာ၊ ရန်ကုန်(ကုန်သွယ်မှုဗဟိုဌာန)အနောက်၊
မင်္ဂလာတောင်ညွန့်၊ရန်ကုန်။
☎ 01-201478, 299947, 294864, 298341
09-50-11443, 09-50-10289, 09-51-54853, 09-51-55037

မတည်ငြိမ်မှုနှင့် ဆူပူလှုပ်ရှားမှုများ ဖြစ်ပွားအောင် ပြည်သူလူထုအား အကြိမ်ကြိမ်သွေးထိုးလှုံ့ဆော်မှု ကျူးလွန်ခဲ့သည့် ထင်ကျော် (ခေါ်) ကျော်ထင်နှင့် NLD ပါတီဝင်အချို့

သဃ်န်းကျွန်းမြို့နယ် စံပြဈေးရှေ့တွင် ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် ထပ်မံလုပ်ဆောင်

ဆူပူမှုကိုမလိုလားသော အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူများက ၎င်းတို့အား ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ ပို့ဆောင်အပ်နှံခဲ့

နေပြည်တော် မေ ၂၂

၂၀၀၇ခုနှစ် မေ ၂၂ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် သဃ်န်းကျွန်းမြို့နယ် စံပြဈေးရှေ့၌ မတည်ငြိမ်မှုနှင့် ဆူပူမှုဖြစ်အောင် ပြည်သူလူထုအား အကြိမ်ကြိမ်သွေးထိုးလှုံ့ဆော်ခဲ့သည့် ထင်ကျော်(ခေါ်)ကျော်ထင်(တရားမဝင်ဖွဲ့စည်းပြီး ဖျက်သိမ်းခဲ့သည့် မြန်မာပြည် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ MDC မှအဖွဲ့ခေါင်းဆောင်)၊ သိန်းအောင်မြင့်(မြောက်ဥက္ကလာပ MDC)၊သိန်းမြင့်ထွန်း(တောင်ဒဂုံ NLD)၊ လေးလွင်(တောင်ဒဂုံ NLD)၊မြင့်စိန်(တောင်ဒဂုံ NLD)၊သန်းဇော်မြင့်(လှိုင်သာယာNLD)နှင့် တင်မောင်ကြည်(တောင်ဒဂုံ)ပါ ရှစ်ဦးခန့်ရှိသောအဖွဲ့သည် ကုန်ဈေးနှုန်းကျဆင်းရေး၊ ၂၄နာရီမီးလင်းရေး၊ အလုပ်လက်မဲ့ ပပျောက်ရေး၊ အမျိုးကောင်းသားသမီးများ မပျက်စီးရေး၊ လွတ်လပ်စွာကုန်သွယ်ခွင့်ရရှိရေး စသည့်ပိုစတာများကိုင်ဆောင်ကြွေးကြော်ပြီး ဆန္ဒပြလှုံ့ဆော်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါအဖွဲ့သည် ပိုစတာများကိုင်ဆောင်၍ စံပြဈေးရှေ့ ကားလမ်းမှ လေးထောင့်ကန်လမ်းအတိုင်း လမ်းလျှောက် ဆန္ဒပြခဲ့ကြသဖြင့် လမ်းသွားလမ်းလာနှင့် ဈေးရောင်းဈေးဝယ်များအား အနှောင့်အယှက်ဖြစ်စေပြီး လူစုလူဝေး ဖြစ်ပေါ်လာခဲ့ကြောင်း သိရှိရသည်။ ထိုသို့ဖြင့် ၎င်းအဖွဲ့ငမိုးရိပ်ရပ်ကွက်သို့ နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင်ရောက်ရှိစဉ် ဆူပူမှုကိုမလိုလားသော၊ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုကြသည့်ပြည်သူများက ၎င်းတို့အား ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ ပို့ဆောင်အပ်နှံခဲ့ကြရာ သက်ဆိုင်ရာက လိုအပ်သောစုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

ထင်ကျော်(ခေါ်)ကျော်ထင်သည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းတွင် လူတစ်စုနှင့်အတူ ဆိုင်းဘုတ်များကိုင်ဆောင်၍ ဆူညံစွာ အော်ဟစ်လှည့်လည်ခြင်းဖြင့် ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် လုပ်ဆောင်ခဲ့ခြင်းကြောင့် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးပြီး တည်ငြိမ်မှုနှင့် အေးချမ်းမှုပျက်ပြားအောင်မပြုလုပ်ရန်နှင့် ထုတ်ပြန်ထားသည့် ဥပဒေများကို လိုက်နာရန် ရှင်းလင်းသတိပေးခဲ့ပြီးဖြစ်သည်။ ထင်ကျော် (ခေါ်)ကျော်ထင်ကလည်း နောင်တွင် အလားတူပြည်သူလူထုအား သွေးထိုးလှုံ့ဆော်မှုမပြုတော့ပါဟု ဝန်ခံကတိပြုခဲ့ပြီးဖြစ်ကြောင်းသိရှိရသည်။

ထိုသို့ဝန်ခံကတိပြုထားပြီးသော်လည်း ၂၀၀၇ခုနှစ် မတ်၂၂ရက် နံနက်ပိုင်းတွင် ထင်ကျော် (ခေါ်)ကျော်ထင်သည် ကမာရွတ်မြို့နယ် လှည်းတန်းဈေးအနီးတွင် တစ်ကိုယ်တော်ဆန္ဒပြခြင်း ဖြင့် ဆူပူမှုနှင့် လူစုလူဝေးဖြစ်စေရန် ထပ်မံကျူးလွန်ခဲ့ကြောင်း၊ သို့အတွက် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေး ရှင်းလင်းသတိပေးပြီး ပြန်လည်စေလွှတ်ပေးခဲ့ကြောင်းသိရှိရသည်။

ထိုဆန္ဒပြလှုံ့ဆော်မှုနှင့် တစ်ပြိုင်တည်းလောက်တွင်ပင် ၈၈ မျိုးဆက်ကျောင်းသားအမည်ခံ မင်းကိုနိုင်၊ ကိုကိုကြီးနှင့် နောက်လိုက်နောက်ပါတစ်စုသည် ကမာရွတ်မြို့နယ် လှည်းတန်းဈေးရှိ ငွေဥဒေါင်းနှင့် စန္ဒာမြိုင်လက်ဖက်ရည်ဆိုင်များသို့ စုရုံးရောက်ရှိပြီး ကမာရွတ်မြို့နယ်(၇)ရပ်ကွက်နှင့် (၈)ရပ်ကွက်တို့တွင် တနင်္ဂနွေနေ့ အဖြူရောင်လှုပ်ရှားမှုကို ချိန်ကိုက်ပြုလုပ်ခဲ့ကြောင်းလည်း သိရှိရသည်။

ထို့အတူ ၎င်းတို့နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းသမားများဖြစ်ပြီး ပြည်သူလူထုအား လူ့အခွင့်အရေးကို ဗန်းပြသွေးထိုးလှုံ့ဆော်နေသူ မြင့်အေး(ကြည့်မြင်တိုင်မြို့နယ်)နှင့် မောင်မောင်လေး (ရန်ကုန်)၊ ပျားကြီး(မင်းလှ)၊ တင်မောင်ဦး(ရန်ကုန်)တို့သည် ၂၀၀၇ ခုနှစ် မေ ၁၇ ရက်တွင် ရန်ကုန်မှ ဟင်္သာတမြို့သို့ သွားရောက်ခဲ့ပြီး ဟင်္သာတမြို့နယ်မှ မြင့်နိုင်(ခေါ်)မြင့်လှိုင်၊ သောင်းစိန်၊ ကျော်လွင်တို့နှင့် တွေ့ဆုံခဲ့ကြောင်း၊ ၎င်းတို့ခုနစ်ဦးသည် ဟင်္သာတမှ အင်္ဂပိုကျေးရွာသို့ ဆက်လက်သွားရောက်ပြီး အင်္ဂပိုကျေးရွာသူရွာသား ၂၀ ခန့်အား စုရုံး၍ မြင့်အေးက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ စာသားများအား ဖတ်ပြခဲ့ကြောင်း၊ အင်္ဂပိုကျေးရွာတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများရှိပါက ၎င်းတို့အားပြောကြားရန်နှင့် ၎င်းတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်သို့ ဆက်လက်တင်ပြပေးမည်ဟု ပြောဆိုခဲ့ကြောင်း၊ ထိုအခါ ရွာသူရွာသားများက မိမိတို့ကျေးရွာတွင် ယင်းကဲ့သို့သော ကိစ္စများ ပြောဆိုရန်မရှိကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုလည်း မရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု သိရှိရသည်။

ထိုသို့ လူ့အခွင့်အရေးကို ဗန်းပြလျက် ပြဿနာဖြစ်အောင်လုပ်၍ မရသည့်အခါ မြင့်အေးနှင့် အဖွဲ့သည် မေ ၁၈ ရက် နံနက်တွင် အင်္ဂပိုကျေးရွာမှ အုတ်ပုံကျေးရွာသို့ ဆက်လက်သွားရောက်ခဲ့ပြီး အုတ်ပုံကျေးရွာတွင် ကျောင်းပိုင်ဆိုင်ရေးကိစ္စပြဿနာ ပေါ်ပေါက်၍ သက်ဆိုင်ရာ သံဃာ့နာယကအဖွဲ့များက အရေးယူဖြေရှင်းပေးလျက်ရှိသော "သိမ်ကျောင်း" ဘုန်းတော်ကြီးကျောင်းနှင့် ပတ်သက်၍ ရွာသားများအကြား စည်းရုံးသွေးထိုးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

ထိုသို့ ရွာသူရွာသားများအကြား သွေးထိုးလှုံ့ဆော်ခြင်းများ၊ သာသနာရေးကိစ္စတွင် မဆီမဆိုင် ဝင်ရောက်စွက်ဖက်ခြင်းများကို မလိုလားကြသော အုတ်ပုံရွာသူရွာသားများက "မင်းတို့လာ၍ ရွာနာကြောင်း၊ ရွာသူရွာသားတွေ စိတ်ဝမ်းကွဲရကြောင်း" ပြောဆိုအော်ဟစ်ပြီး ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်၍ ကျေးရွာမှ မောင်းထုတ်ခဲ့ကြကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်အခြေအနေများကို သိရှိတွေ့မြင်ကြရသော ပြည်သူများ၊ ကြားသိရသောပြည်သူများက–

– ဤကဲ့သို့ လုပ်ဆောင်မှုများသည် လူ့အခွင့်အရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ ၂၄ နာရီ လျှပ်စစ်မီးရရှိရေး စသည်တို့ကို အကြောင်းပြခုတုံးလုပ်ကာ နိုင်ငံတော်အတွင်း တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုပျက်ပြားအောင်၊ ဆူပူလှုပ်ရှားမှုများ ဖြစ်ပေါ်လာအောင် ပြည်သူလူထုအား သွေးထိုးလုပ်ဆောင်နေခြင်းများသာဖြစ်ကြောင်း။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪**

● လူ့အခွင့်အရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ (၂၄)နာရီ လျှပ်စစ်မီး ရရှိရေး စသည်တို့ကိုအကြောင်းပြခုတုံးလုပ်ကာ နိုင်ငံတော်အတွင်း တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုပျက်ပြားအောင်၊ ဆူပူ လှုပ်ရှားမှုများဖြစ်ပေါ်လာအောင် ပြည်သူလူထုအား သွေးထိုးလုပ်ဆောင်နေခြင်းများသာဖြစ်။

● ထိုသို့ မတည်ငြိမ်မှုဖြစ်အောင်၊ အေးချမ်းမှုပျက်ပြားအောင် ပြည်သူအား သွေးထိုးလှုံ့ဆော်ရာတွင် အကြောင်းပြသည့်အချက်များမှာလည်း သေချာစွာ စဉ်းစားသုံးသပ်ပါက အဓိပ္ပာယ်မရှိ၊ ကျိုးကြောင်း ဆီလျော်မှုမရှိ။